ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်၊ စနေနေ့၊ (6-12-2008) (၅၈၈၄)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၈)**
**၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၈ ရက်**
**(၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို ပြင်ဆင်သည့် ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲပါ အပိုဒ် ၃ ၏နောက်တွင် အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄။ **ပရိပဲရစ်ကျွန်းအုပ်စု**

| | | | | | |
|---|---|---|---|---|---|
| (က) | နွားသားအမိကျွန်း၏ အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° | ၅၆' | ၀၇" |
| | (North Western point of Cow and Calf Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၃၈' | ၄၆" |
| (ခ) | အုန်းပင်ကျွန်း၏ အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° | ၅၂' | ၁၅" |
| | (Western point of Ohn Pin Island | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၃၄' | ၀၈" |
| (ဂ) | သဲဖြူကျွန်း၏ အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° | ၅၁' | ၄၀" |
| | (North Western point of Thee Phyu Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၃၄' | ၁၂" |
| (ဃ) | ဆင်ကျွန်း၏ အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° | ၅၀' | ၅၆" |
| | (North Western point of Sin Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၃၄' | ၁၀" |

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**လက်ခံတွေ့ဆုံ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီနှင့် အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ တရားဝင်အလည်အပတ်ခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

အတည်ပြုချိန် ၂း၅၀

ကြေးမုံ The Mirror
၆-၁၂-၂၀၀၈
(စနေနေ့)

# ရေနက်ကွင်းလယ်မြေများ တိုးချဲ့ဖော်ထုတ် နွေစပါးနှင့်ပဲ၊ နှမ်း၊ နေကြာ သီးထပ်စိုက်ပျိုး

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက လိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် နိုင်ငံတစ်ဝန်း၌ ဆည်တမံ ရေထိန်းတံခါးပေါင်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုတို့ကို ဖြန့်ကြက်တည်ဆောက်ပေးထားသည်။ ဆည်တမံပေါင်း မြောက်မြားစွာတည်ဆောက်ပေးထားသည့်အတွက် ဆည်ရေသောက် စိုက်ပျိုးမြေများ တိုးတက်လာပြီး စပါးနှင့်အခြားသီးနှံများ ထုတ်လုပ်မှုလည်း မြင့်မားလာလျက်ရှိသည်။

ထို့အပြင် ရေထိန်းတံခါးများကို တည်ဆောက်ထားသည့်အတွက် မိုးရာသီတွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေရာသီ၌ နွေစပါးနှင့်သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြောင်း တွေ့မြင်ရသည်။

ဧရာဝတီတိုင်း ညောင်တုန်းကျွန်းဒေသသည် ဧရိယာကေနှစ်သိန်းခန့် ကျယ်ဝန်းသည်။ ကျွန်းပတ်ပတ်လည်တွင် ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်၊ တိုးမြစ်နှင့် ခတ္တိယရေကျော်ချောင်းတို့ ဝန်းရံတည်ရှိနေသဖြင့် ရေကြီးရေမြုပ် လယ်မြေများ စိုက်ပျိုးရေးအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။ ယခုအခါပန်းလှိုင်ရေထိန်းတံခါးကိုတည်ဆောက်ပေးထားသောကြောင့် မိုးရာသီ၌ ပိုလျှံရေများ ထုတ်နုတ်ပေးနိုင်ရုံသာမက နွေရာသီတွင် သီးနှံများ အောင်ရေရရှိကာ သီးထပ်စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ဒေသခံ တောင်သူလယ်သမားများအနေဖြင့် ရေကြီးရေမြုပ် လယ်မြေများဖော်ထုတ်၍ မိုးစပါး၊ နွေစပါးများ ပုံမှန်စိုက်ပျိုးနိုင်ကြသည့်အပြင် နွေရာသီ၌ ပဲ၊ နှမ်းနှင့်နေကြာတို့ကိုပါ သီးထပ်စိုက်ပျိုးနိုင်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးပိုလျှံစွာ ထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။ စိုက်ပျိုးမြေ သယံဇာတ ဖော်ထုတ်တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး ဖြည့်ဆည်းပေးနေသည်။ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများ တပ်ဆင်အသုံးပြုရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်ရေး ကူညီအားပေးလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကိုအဘက်ဘက်က တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက မြေသယံဇာတများ အစွမ်းကုန်တိုးချဲ့ ဖော်ထုတ်ပြီး မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ။

| | |
|---|---|
| ပြည်သူ့ သဘောထား | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မှော်ဘီနှင့် တိုက်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၇ နာရီတွင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် ဇုန်(၁) မှော်ဘီဆန်းခန်းမသို့ ရောက်ရှိလာပြီး စိုက်ပျိုးထွက်ရှိသော မျိုးကောင်းမျိုးသန့် ဆန်နမူနာနှင့် မြေပဲဆီသန့်များ၊ ရွက်ဖုန်းမြေသြဇာနှင့် သဘာဝမြေသြဇာများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး အထူးဇုန်(၁) အကွက်အမှတ် (၇၆)ရှိ ဒေါ်အေးခင်၏ မုန်လာဥစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက စပါးစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကုမ္ပဏီမှ စိုက်ပျိုးလျက်ရှိသော အစေ့ထုတ်ပြောင်းနှင့် ပီလောပီနံစိုက်ခင်းကို လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့်တိုင်းမှူးနှင့်အဖွဲ့သည် အထူးဇုန်(၁) အကွက်အမှတ် (၇၆)ရှိ ဒေါ်အေးခင်၏ မုန်လာဥစိုက်ခင်းကိုလည်းကောင်း၊ အထူးဇုန်(၂) ဦးမောင်မောင်ဝင်း၏ နေလအသားတိုး မိဘမျိုးကြက်ခြံကို လည်းကောင်း၊ အထူးဇုန်(၂) ဦးကျော်ဇင်သိန်း၏ ပီလောပီနံ စိုက်ခင်းကိုလည်းကောင်း၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နံ့စားပြောင်းစိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းမှူးသည်တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဒေသရှိ IBTC ကုမ္ပဏီလီမိတက်၏ ရော်ဘာခြံစိုက်ခင်း၌ရော်ဘာစေးထုတ်ယူရရှိမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ IBTC ကုမ္ပဏီလီမိတက်၏ ရော်ဘာခြံနှင့် ဖူးကြီးဒေသရှိ ရွှေအင်းဝရော်ဘာစိုက်ပျိုးရေးကုမ္ပဏီ၏ရော်ဘာခြံများအတွင်းရော်ဘာပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ဖူးကြီးရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုက်ကြီးမြို့နယ်လူသန့်အင်းကျေးရွာရှိ တောင်သူ ဦးထွန်းမြင့်၏နေအိမ်၌ ဇီဝဓာတ်ငွေ့ထုတ် ပေါင်းအိုးဖြင့်ဟင်းနှင့် ရေနွေးအိုး ချက်ပြုတ်နေမှုများ၊ ဝပ် ၆၀ ရှိ ဓာတ်ငွေ့သုံး မီးလုံးဖြင့် အလင်းရောင်ရယူနိုင်မှုများကိုကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာရှိ တောင်သူ ဦးတိတ်စိန်၏ နံ့စားပြောင်း စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွာသာကျေးရွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ကျေးရွာချင်းဆက်လမ်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အဖျောက်မြို့ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် အိုင်ကလောင် လျှပ်စစ်မြစ်ရေတင် ဧက ၅၀၀၀စီမံကိန်း၌ပင်မမြောင်းအတွင်း ရေပို့လွှတ်မှုနှင့် ပိုက်သွယ်တန်းမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တိုက်ကြီးမြို့နယ်ဥတိုကျေးရွာအုပ်စုအိုးကိုတန်းကျေးရွာရှိ တောင်သူ ဦးထွန်းကြည်၏ မိုးစပါးစံပြစိုက်ခင်းအတွင်း ရိတ်သိမ်းခြွေလှေ့နေမှု၊ အစေ့ချ စိုက်ပျိုးနေမှု၊ ထွန်ယက်စိုက်ပျိုးနေမှုများ၊ မြေဆွေးဖြည့်နေမှုနှင့် မြေဆွေးပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မော်လမြိုင်G.T.I/G.T.Cကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ မော်လမြိုင်ဓမ္မာရုံ (ရွှေတိဂုံအနောက်ဘက်မုခ်) ၌ ကျင်းပရန် စီစဉ်ထားသည်။

**- ဆက်သွယ်လျှုဒါန်း -**

အဆိုပါ အာစရိယပူဇော်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် ဆက်သွယ်လျှုဒါန်းလိုသူများသည် ကိုကျော်ကျော်ဦး(85 C)ဖုန်း- ၀၁-၇၁၀၁၉၆၊ ကိုမောင်မောင်(86 MT) ဖုန်း- ၀၉၅၁ ၈၉၈၃၀၊ ကိုရွှေဝင်း (86 MP) ဖုန်း- ၀၉၅၁ ၆၉၆၂၃၊ ကိုစိုးမြင့်သိန်း (86 MP) ဖုန်း-၀၅၆ ၂၁၄၄၃၊ ကိုဝင်းထွန်းအောင်(86 C) ဖုန်း-0951 16056၊ ကိုခင်မောင်ကြည် (87 MP) ဖုန်း-၀၉၅၁ ၄၁၄၅၈၊ ကိုသူရ (87 MT) ဖုန်း-၀၉၅၁ ၇၇၂၆၄၊ ကိုရဲမင်းသန်း(87 EP) ဖုန်း-၀၉၅၁ ၀၂၂၈၄၊ ကိုသက်လွင်ဦး (91 MT) ဖုန်း-၀၉၅၁ ၆၇၈၅၂၊ ကိုအေးနိုင် (93 MP) ဖုန်း- ၀၉၅၁ ၇၈၁၃၂၊ ကိုကျင်ဟုတ် (96 EP) ဖုန်း- ၀၉၉၀ ၃၂၀၃၂၊ မဇင်မာ (97 C) ဖုန်း-၀၉၅၁၀၁၅၄၃၇၊ ကိုထွန်းနိုင်ဦး (99 MP) ဖုန်း-၀၁-၇၀၄၁၆၉ နှင့် မသင်းသင်းအောင် (93 C) ဖုန်း-၀၉၅၁ ၅၄၃၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်၌ ကျင်းပရာ ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင်ဒေါ်ခင်မျိုးမြင့်၊လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခဒေါ်ဌေးဌေး၊ ဒေါ်ခင်မေစိုး၊ ဒေါ်သွဲ့သွဲ့ဝင်း၊ ဒေါ်ပိုပိုကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့်ထန်းတပင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ထန်းတပင်မြို့မှ ဆရာမများ အပါအဝင် ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အမှာစကား ပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ခွဲမှရဲအုပ်ဌေးဌေးထွန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က အမျိုးသမီးများရရှိပြီးသောဥပဒေပါအခွင့်အရေးများအကြောင်း၊ သိကောင်းစရာနှင့် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲမှ အဖွဲ့ဝင်ဒေါ်တင်တင်အေးက"ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့" ခေါင်းစဉ်တို့ဖြင့် အသီးသီးပညာပေးဟောပြောကြသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင်၏ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ၅၂၅စောင်ကိုထန်းတပင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမြသာနှင့်အဖွဲ့ဝင် ဒေါ်ကေသီဝင်းတို့က ပေးအပ်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်တင်တင်နွဲ့ကလက်ခံသည်။ **(ဓါတ်ပုံ)**

ထို့နောက်အမျိုးသမီးရေးရာဝတ်စုံနှင့်အသိပညာပေးစာစောင်များ၊ နံရံကပ်ပိုစတာများကို လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ကပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၅**

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကို ဒီဇင်ဘာ ၁ ရက်က ၅ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ သင်တန်းသား ၅၀ တက်ရောက်ကြပြီး ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက အမှာစကားပြောကြားကြောင်း သိရသည်။

(၅၆၁)

✳ **ပိုင်နက်ပင်လယ်မှ**

| | | | | | |
|---|---|---|---|---|---|
| (င) | လူခေါင်းကျွန်း၏ အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၄၇' | ၂၄" |
| | (North Western point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၃၂' | ၅၉" |
| (စ) | လူခေါင်းကျွန်း၏ တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၄၇' | ၀၈" |
| | (Southern point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၃၃' | ၀၀" |
| (ဆ) | ပရိပဲရစ်ကျွန်း၏ တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၅၀' | ၁၇" |
| | (Southern point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၃၆' | ၄၀" |
| (ဇ) | ပရိပဲရစ်ကျွန်း၏ အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၅၃' | ၅၄" |
| | (North Eastern point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၃၈' | ၃၅" |
| (ဈ) | နွားသားအမိကျွန်း၏ အရှေ့ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၅၅' | ၅၂" |
| | (Eastern point of Cow & Calf Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၃၉' | ၀၆" |
| ၅။ | **ကိုကိုးကျွန်းအုပ်စု** | | | | |
| (က) | မင်္ဂလာကျွန်း၏ အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၁၁' | ၃၃" |
| | (North Eastern point of Mingalar Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၂၂' | ၂၀" |
| (ခ) | ညှပ်ဖိနပ်ကျွန်း၏ အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၁၁' | ၂၈" |
| | (Western point of Slipper Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၂၁' | ၁၇" |
| (ဂ) | ကိုကိုးလေးကျွန်း၏ အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၀၀' | ၅၅" |
| | (North Western point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၁၃' | ၀၉" |
| (ဃ) | ကိုကိုးလေးကျွန်း၏ တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၃ံ | ၅၈' | ၁၈" |
| | (Southern point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၁၃' | ၂၂" |
| (င) | ချယ်ရီကျွန်း၏ တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၀၂' | ၅၄" |
| | (Southern point of Jerry Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၂၁' | ၅၂" |
| (စ) | ကိုကိုးကြီးကျွန်း၏ အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄ံ | ၀၈' | ၄၈" |
| | (North Eastern point of Great Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃ံ | ၂၂' | ၄၁"" |

**(ပုံ) (သန်းရွှေ)**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချိနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ တရားဝင်အလည်အပတ်ခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချိ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချိ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချိအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)




# သက်တမ်းအလိုက် ရေကူးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T. T. O Trading Co., Ltd. တို့ ပူးပေါင်းကျင်းပသော ၂၀၀၉ ခုနှစ် ဒုတိယအကြိမ် Denk Pharma Cup သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက်၊ (၁၂)နှစ်အောက်၊ (၁၀)နှစ်အောက်နှင့်(၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက် မီတာ(၅၀၊ ၁၀၀) အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ(၁၀၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် မီတာ(၅၀၊ ၁၀၀) လိပ်ပြာကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ အလွတ်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ(၅၀) တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၀)နှစ်အောက် မီတာ (၅၀၊ ၁၀၀) ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ အလွတ်ကူးပြိုင်ပွဲ၊ အသက်(၈)နှစ်အောက် (၂၅)မီတာ အလွတ်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ (၅၀×၄) လွှန်းပြန်အလွတ်ကူးပြိုင်ပွဲ၊ မီတာ(၅၀×၄) လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ် စုစုပေါင်း ၆၄ ပွဲ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲ နောက်ဆုံးထား၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် အဖွဲ့ချုပ်လေ့ကျင့်ချိန် နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲ၊ ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ (သောကြာနေ့မှအပ) အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသန်းကြိုင်နှင့် ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌လည်း လာရောက်စာရင်းပေးသွင်းနိုင်သည်။ ယင်းသက်တမ်းအလိုက်ပြိုင်ပွဲများကို မည်သူမဆို ယှဉ်ပြိုင်နိုင်ပြီး အသက်(၁၄)နှစ်အောက်အတန်း၌ ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၅ ရက် နောက်ပိုင်း မွေးဖွားသူ၊ အသက်(၁၂) နှစ်အောက်အတန်း၌ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၅ ရက် နောက်ပိုင်း မွေးဖွားသူ၊ အသက်(၁၀)နှစ်အောက်အတန်း၌ ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၅ ရက် နောက်ပိုင်း မွေးဖွားသူများ၊ အသက်(၈)နှစ်အောက် အတန်း၌ ၂၀၀၁ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ပိုင်း မွေးဖွားသူများ ယှဉ်ပြိုင်နိုင်ပြီး အသက်စိစစ်နိုင်ရန် မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း(မူရင်း)များ၊ ကျောင်းဝင်အမှတ်၊ ကျောင်းတံဆိပ်မူရင်း ကျောင်း Letter Head နှင့် ကျောင်းအုပ်လက်မှတ် မူရင်းပါသော ကျောင်းထောက်ခံစာများ ယူဆောင်လာရမည်ဖြစ်ကာ ကစားသမားတစ်ဦးလျှင် အတန်းနှစ်တန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိပေ။

ဆုကြေးများအဖြစ် ပထမဆု ကျပ်လေးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်း၊ ပဉ္စမဆု ကျပ်ငါးသောင်းနှင့် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉၅၁ ၃၄၃၁၀ နှင့် ၄၀၀၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (ကြေးမုံ)

**အတည်ပြုချိန် ၂း၅၀**



ရဲတပ်ဖွဲ့တပ်သားစုဆောင်းရေး စခန်းများတွင် ဗုံးပါသော အင်္ကျီဝတ်ဆင်၍ ဖောက်ခွဲမှုများပြုလုပ်ခံရသဖြင့် အီရတ်နိုင်ငံ မိုဆူးရဲစခန်းတွင် တပ်သားသစ်များမှာ အင်္ကျီကျွတ်ဖြင့် စာရင်းပေးသွင်းနေရသည်ကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်နစ္စတန်တွင် နှစ်ကြိမ်ဗုံးခွဲတိုက်ခိုက်၊ ငါးဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ခို့(စ်)မြို့တွင် ကြာသပတေးနေ့က နှစ်ကြိမ် အသေခံဗုံးခွဲတိုက်ခိုက်ခံရရာ အနည်းဆုံးငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသေခံဗုံးခွဲသမား တစ်ဦးသည် တာဝန်ရှိသူတစ်ဦးအသွင် ယူနီဖောင်းကို ဝတ်ဆင်၍ ထောက်လှမ်းရေးရုံးချုပ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ခို့(စ်)ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး တာဟာခန်ဆာဘာရီကအေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် အသေခံ ဗုံးခွဲသမားနောက်တစ်ဦးသည် အာဖဂန်ကြည်းတပ် ယူနီဖောင်းကို ဝတ်ဆင်၍ချေမှုန်းရေး ရိုင်ဖယ်တစ်လက် ကိုင်ဆောင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရုံးအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့ဝင်အစောင့်များက တားဆီးနိုင်ခဲ့ပြီး ပစ်သတ်ခဲ့သည်ဟု ဆာဘာရီက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ၎င်းအား ပစ်ခတ်ရာ ၎င်း၏ ခန္ဓာကိုယ်ပေါ်မှ ဗုံးများပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အရပ်သား သုံးဦး အပါအဝင် ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဆာဘာရီကထပ်မံပြောကြားသည်။ ***အင်တာနက်။***

## ကြေးမုံ
The Mirror
## နိုင်ငံတကာသတင်းများ

# ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆက်လက်ဆွေးနွေးမည်ဟု အစ္စရေးအစိုးရ ကတိပြု

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၅**

အစ္စရေးအစိုးရသည် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးကို ဆက်လက်၍ တိုက်ရိုက် ဆွေးနွေးသွားမည်ဟု အစ္စရေး နိုင်ငံခြားရေးဝန်ကြီးတာဇာပီလစ်ဗနီက ဒီဇင်ဘာ ၂ရက်တွင်ပြောကြားသည်။

ဥရောပပါလီမန်နိုင်ငံခြားကာကွယ်ရေးအဖွဲ့၏ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပသည့် ဆွေးနွေးပွဲတွင် လစ်ဗနီက ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

**မလိုအပ်**

ဥရောပသမဂ္ဂ၏ အကူအညီဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးဆွေးနွေးကြရန် ဖိအားပေးနေချိန်တွင် လစ်ဗနီက မိမိတို့အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်း၏ ကြားဝင်ဆောင်ရွက်မှု မလိုအပ်ဟု ထည့်သွင်း ပြောကြားသည်။

ဖေဖော်ဝါရီလ ရွေးကောက်ပွဲတွင် ရာထူးမှ နုတ်ထွက်မည့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမက်၏နေရာ၌ အစားထိုးမည့် အလားအလာရှိသူမှာ နိုင်ငံခြားရေး ဝန်ကြီးပင်ဖြစ်သည်။

အနောက်ဘက်ကမ်းတွင် ဂျူးများ အခြေချ နေထိုင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်တော့မည် မဟုတ်ကြောင်း ဥရောပသမဂ္ဂ ဥပဒေပညာရှင်အဖွဲ့အား လစ်ဗနီက ပြောကြားသည်။

***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရပ်ကွက်တစ်ခု၏ ဈေးအတွင်း၌ ဗုံးပေါက်ကွဲအပြီး အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်တွင် ကားဗုံးကွဲ၍ မီးခိုးများ တက်လာသည်ကို အဝေးမှ မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်အပျော်စီးသင်္ဘောတစ်စင်းအား ပြန်ပေးဆွဲရန် ဆိုမာလီဓားပြများကြိုးပမ်း

**နိုင်ရိုဘီ ဒီဇင်ဘာ ၅**

ကမ္ဘာလှည့်ခရီးသည်များတင်ဆောင်လာသော အမေရိကန် အပျော်စီးသင်္ဘောကြီးတစ်စင်းအား ဆိုမာလီ ပင်လယ်ဓားပြများက ပြန်ပေးဆွဲရန် ကြိုးပမ်းခဲ့ကြသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

**မောင်းနှင်ပြေး**

ပင်လယ်ဓားပြများသည် ရွက်သင်္ဘောနှစ်စင်းကို စီး၍ အဆိုပါသင်္ဘောအား ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း၊အပျော်စီးသင်္ဘောမှ ကပ္ပတိန်က စက်ကုန်ဖွင့်ကာ အေဒင်ပင်လယ်ကွေ့ အတွင်းမှ မောင်းနှင်ထွက်ပြေးခဲ့ရကြောင်း ယင်းအပျော်စီးသင်္ဘော ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

မကြာသေးမီ သီတင်းပတ်များအတွင်းက ကုန်အပြည့် တင်ဆောင်လာသော ယူကရိန်း သင်္ဘောနှင့် ဆော်ဒီရေနံတင် သင်္ဘောများကို အောင်မြင်စွာ ပြန်ပေးဆွဲနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ပင်လယ်ဓားပြများသည် ချမ်းသာကြွယ်ဝသော ကမ္ဘာလှည့်ခရီးသည် ရာပေါင်းများစွာ၏ မိသားစုများထံမှပြန်ပေးငွေအမြောက်အမြားရရှိရန် မျှော်ကိုးကာ အပျော်စီးသင်္ဘောကြီးကို ပြန်ပေးဆွဲရန် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။ ***အင်တာနက်။***

# ပင်လယ်ဓားပြများ ယီမင်သင်္ဘောကိုပြန်လွှတ်ပေး

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၅**

ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးထားသော ယီမင်ကုန်သင်္ဘောတစ်စင်းကို ပြန်ပေးရွေးငွေမယူဘဲ လွှတ်ပေးလိုက်ကြောင်း ဆိုမာလီနိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။ ဒီအမ်ဗွီအာမဏီသည် ဆိုမာလီနိုင်ငံ မြောက်ပိုင်းပင်လယ်ဓားပြတို့၏ ခြေကုပ်စခန်း အီမြို့မှ ယီမင်နိုင်ငံသို့ ထွက်ခွာသွားကြောင်း ပန့်လင်းဒေသမှ ဝန်ကြီးတစ်ဦးဖြစ်သူ အလီအက်ဒီအဝါးရီက ပြောကြားသည်။

ဆိုမာလီပင်လယ်ဓားပြများသည် အေဒင်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာအတွင်းတွင် ပြန်ပေးဆွဲ၍ ဒေါ်လာသန်းပေါင်းများစွာ လက်ဝယ်စုဆောင်းရရှိထားပြီးဖြစ်သည်။

ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမျိုးစုအကြီးအကဲများနှင့် သေနတ်ကိုင်စစ်သွေးကြွ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပြီးနောက် သောကြာနေ့ညတွင် အဆိုပါ ယီမင်သင်္ဘောကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

# ဖော်လူဂျာမြို့တွင် ဗုံးခွဲတိုက်ခိုက် ၁၅ ဦး သေဆုံး

**ဖော်လူဂျာ ဒီဇင်ဘာ ၅**

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ကြာသပတေးနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုဟု သံသယရှိသော ဗုံးနှစ်ကြိမ် ကွဲခြင်းကြောင့် ၁၅ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်ခြင်းသည် ရဲတပ်ဖွဲ့စခန်းနှစ်ခုအား ပစ်မှတ်ထားခြင်းဖြစ်၍ ယင်းရဲစခန်းနှစ်ခုစလုံး ဆိုးရွားစွာ ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်လူဂျာမြို့သည်နိုင်ငံအနောက်ပိုင်း အန်ဆာပြည်နယ်တွင် ရှိပြီး ၂၀၀၃ခုနှစ် အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ပြီးနောက် ဆွန်နီတို့ ဦးဆောင်သော သူပုန်များ၏ အချက်အချာနေရာဒေသဖြစ်ခဲ့သည်။

အဆိုပါ ဗုံးကွဲမှုနှစ်ကြိမ်လုံးသည် မွန်းမတည့်မီ အချိန်ကလေးတွင် ပေါက်ကွဲခြင်းဖြစ်သည်။ ဂိုလန်ရပ်ကွက် အနောက်ပိုင်းနှင့် ရှာတာ အရှေ့ပိုင်းနယ်မြေတွင် ရှိသော ရဲတပ်ဖွဲ့စခန်းများကို တစ်ခုနှင့်တစ်ခု မိနစ်ပိုင်းသာခြား၍ ဗုံးခွဲသူများက တိုက်ခိုက်ခြင်းဖြစ်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

***အင်တာနက်။***

# အမေရိကန်သည် အဓိကရန်သူဟု အီရန်အထူးကောင်စီဥက္ကဋ္ဌပြောကြား

**တီဟီရန် ဒီဇင်ဘာ ၅**

အမေရိကန်နိုင်ငံသည် အီရန်၏ အဓိကရန်သူဖြစ်သည်ဟုအီရန်အထူးကောင်စီဥက္ကဋ္ဌ အယာတိုလာအက်ကဘာဟာရှိမီရာဆန်ဂျာနီက ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ မှတ်ချက်ကို ၁၉၇၈ ခုနှစ်အတွင်းက အစ္စလာမ့်ပါလီမန်အဖွဲ့ဖွဲ့စည်းပြီးနောက်ပိုင်းတွင် အစ္စလာမ့် တော်လှန်ရေးအဖွဲ့ တည်ထောင်ခဲ့သည့် နှစ် ၃၀ ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံကို ပျက်စီးစေရန် အကြီးအကျယ်ကြိုးစားအားထုတ်လျက်ရှိကြောင်းနှင့် အမေရိကန်သည် အီရန်၏ အဓိကရန်သူဖြစ်ကြောင်း၎င်းကထပ်လောင်းပြောကြားသည်။အမေရိကန်၏ အဆိုပါ မူဝါဒမှာ ဇာတ်သိမ်းမကောင်းဘဲ ကျရှုံးမည်ဟု ၎င်းက ဆိုသည်။

အီရန်အနေဖြင့် ပြဿနာများနှင့် ရင်ဆိုင် ရပ်တည်နေရချိန်တွင် အီရန်ရှိ အဖွဲ့အစည်းတိုင်းနှင့် ပုဂ္ဂိုလ်အသီးသီးတို့အကြားတွင် ခိုင်မာတောင့်တင်းသည့် စည်းလုံးညီညွတ်မှု ရှိကြရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

# ဘရာဇီးတွင် ရေကြီး သေဆုံးသူ ၁၁၇ ဦးရှိ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၅**

ဘရာဇီးနိုင်ငံ စန်တာကာတာရီနာပြည်နယ်မှ မြို့များတွင် ရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးဆုံးရှုံး မှုများစွာ ဖြစ်ပေါ်စေပြီး သေဆုံးသူဦးရေ စုစုပေါင်းသည် ၁၁၇ ဦးသို့ ရောက်ရှိလာပြီဖြစ်ကြောင်း နိုင်ငံ၏ မြို့ပြကာကွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

သေဆုံးရသူအများစုသည် ရွှံ့ညွန်များ ပျော်ဆင်းလာခြင်းကြောင့်ဖြစ်သည်ဟု မြို့ပြကာကွယ်ရေးက ပြောကြားသည်။ မြို့အတော်များများတွင် ရေကျသွားသဖြင့် လူပေါင်း ၄၂၀၀၀ ကျော်သည် မိမိတို့ အိုးအိမ်များရှိရာသို့ ပြန်လာသည်။ အနည်းဆုံး လူ ၃၂ ဦးမှာ ပျောက်ဆုံးလျက်ပင်ရှိသေးသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ခရစ္စမတ်အကြိုဈေးရောင်းပွဲ ခင်းကျင်းထားသော နေရာကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)





## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)

ရန်ကုန် ဒီဇင်ဘာ ၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ငွေး၊ ဌာနကြီးမှူးများ၊လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု ပထမဆုရရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်၊ဒုတိယဆုရရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၊ တတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်လှိုင်သာယာ မြို့နယ်တို့အား လည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အထူးဆုရရှိကြသော ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်နှင့်ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်တို့အားလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof. Adik Wibowo နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က အထူးဆု ရရှိကြသော ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တို့အား လည်းကောင်းဆုများကိုချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ- "Stop AIDS, Keep The Promise; Scaling up - prevention, treatment and care"၊ "ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့၊ အားလုံးပါဝင် ဆောင်ရွက်စို့" ဖြစ်သည်။ (သတင်းစဉ်)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထိုင်းနိုင်ငံမှ နားရောဂါ အထူးကုဆရာဝန်များ လာရောက်ကုသမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၃၈)ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထိုင်းနိုင်ငံ ESMU (Ear Surgery Mobile Unit) မှ အဖွဲ့ခေါင်းဆောင် Prof: Dr. Soontom Antarasena ခေါင်းဆောင်သော နားရောဂါအထူးကု ဆရာဝန်ကြီးများအဖွဲ့သည် မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် အဖြစ် ဒီဇင်ဘာ ၅ရက်တွင် လာရောက်၍ နားရောဂါ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် နားပြည်ယိုရောဂါ၊ နားစည်ပေါက်ရောဂါ၊ နားလေးရောဂါ၊ ဆေးထိုးဆေးစားမှုကြောင့် ဖြစ်ရသည့် နားလေးရောဂါ၊ မွေးရာပါ နားလေးရောဂါများ ကုသပေးမည်ဖြစ်ရာ နားရောဂါကုသလိုသူရဟန်းရှင်လူ ဝေဒနာရှင်များအနေဖြင့် အဆိုပါဆေးရုံကြီး၌ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တာမွေရိပ်မွန်မှ ဝန်ဆောင်မှုခံယူသူများအား ပျော်ပွဲရွှင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် 3 DF တို့ ပူးပေါင်းဖွင့်လှစ်သော တာမွေရိပ်မွန်တွင် ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီက အဆိုပါ ရိပ်မွန်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်၊ 3 DF Project ရုံးတို့မှ တာဝန်ရှိသူများ၊ တာမွေရိပ်မွန် တာဝန်ခံဆရာဝန် ဒေါက်တာထင်ကျော်နှင့် ဝန်ထမ်းများ၊ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းနှင့် အလုပ်အမှုဆောင်များ၊ တာမွေရိပ်မွန်မှ ဝန်ဆောင်မှုခံယူသူများ တက်ရောက်ကြပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဉာဏ်စမ်းပဟေဠိနှင့် ကံစမ်းမဲများဖောက်ကာ ပျော်ရွှင်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

၁၉၉၇ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ကိုခင်မောင်ဌေး(ဇာတ်သဘင်) ဖုန်း-၀၉-၅၁-၉၁၁၃၈၊ ကိုသန့်ဇော်မင်းလတ်ကြူ (ပန်းပု) ဖုန်း-၀၁-၅၅၉၉၈၉၊ ကိုမောင်မောင်ဇော်ထက် (ဂီတ) ဖုန်း-၀၉-၅၁-၆၆၂၈၃၊ ကိုအောင်စိုးတင့် (ဂီတ) ဖုန်း-၀၉-၉၉-၂၅၆၅၇၊ ကိုရဲအောင်သန့် (ပန်းချီ) ဖုန်း-၀၉-၅၀-၁၉၈၈၄၊ ကိုဇေယျာထက်၊ ကိုဟန်မင်းအောင် (ဂီတ) ဖုန်း-၀၁-၅၂၇၁၂၂ (လိုင်းခွဲ-၁၂၅)၊ ကိုငြိမ်းချမ်းဦး (ဂီတ) ဖုန်း-၀၉-၅၀-၆၇၀၉၀၊ ကိုစန်းနိုင်ဖြိုးဝေ (ဂီတ) ဖုန်း-၀၁-၅၀၅၇၁၁၊ ကိုရှုမောင် (ပန်းချီ) ဖုန်း-၀၉-၅၁-၅၆၂၆၂၊ မနီလာလွင် (ဇာတ်သဘင်) ဖုန်း-၀၉-၅၁ ၈၇၈၀၉နှင့် မနှင်းနှင်းဌေးရီ (ဂီတ) ဖုန်း-၀၁-၇၂၄၈၅၉ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အထက အင်းတကော် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

အထက အင်းတကော်တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်း ကျောင်းသား၊ ကျောင်းသူများမှ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ဒီဇင်ဘာ ၁၄ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ ယခင်နှစ်များက တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ယခုနှစ်မှ စတင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြပါရန် ဖိတ်ခေါ်ထားသည်။

**လှူဒါန်းနိုင်**

ရန်ကုန်မြို့မှ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် ကြို/ပို့ယာဉ် စီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများ ဦးမင်းကြည် ဖုန်း-၀၉ ၅၁ ၉၄၃၀၇ သို့ ဆက်သွယ်နိုင်ပြီး အလှူငွေများ လှူဒါန်းလိုပါက ဦးခင်စိုး ဖုန်း-၀၉ ၈၆၅၀၃၉၇၊ ဦးကျော်ငွေ ဖုန်း-၅၇၂၁၄၆၊ ဦးကျော်ရှင်း ဖုန်း-၇၀၉၁၁၁၊ မအေးအေးသင်း ဖုန်း-၀၉ ၅၁၅၄၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဆေးတက္ကသိုလ်(၂) (၁၉၆၉- ၁၉၇၆) သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)တွင် (၁၉၆၉- ၁၉၇၆)ခုနှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ကျေးဇူးရှင်ဆရာ၊ ဆရာမများအားလုံးကို ၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ နံနက် ၉နာရီမှ ၁၁နာရီထိ Traders Hotel ၌ ကန်တော့ကြမည်ဖြစ်ပြီး ၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၁၇ရက် ညနေ ၆နာရီတွင် မိတ်ဆုံစားပွဲကို Excel Tower ၌ ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများထံ ဖိတ်စာပေးပို့မည်ဖြစ်သော်လည်း မရောက်ရှိပါက ကန်တော့ခံ ကြွရောက်ပေးပါရန် ကျောင်းသား၊ ကျောင်းသူအားလုံး တက်ရောက်ပေးရန်နှင့် အသေးစိတ်သိရှိလိုပါကလည်းကောင်း၊ အလှူငွေပေးပို့လိုပါကလည်းကောင်း ဒေါက်တာဒေါ်လှကြင် ဖုန်း ၀၁-၃၈၄၄၉၆၊ ၀၉-၅၀၁၂၄၈၈၊ ဒေါက်တာဒေါ်ချိုချို ဖုန်း ၀၁-၆၈၇၄၀၉၊ ၀၉-၅၁ ၃၇၉၆၉၊ ဒေါက်တာ ဒေါ်စီစီမာ ဖုန်း ၀၁-၄၀၀၁၄၇၊ ၀၉-၈၀-၂၅၁၂၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၀၈ (စနေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "တရားကျင့်ဖို့ကောင်းတဲ့အချိန်" တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိသာရ) |
| ၈း၀၀ - ၂း၀၀ | မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည်တို့တိုင်းပြည် |
| ၈း၂၅ - ၂း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၅၀ - ၂း၅၀ | ရေ---သို့မဟုတ် သန့်စင်၊ကြည်လင်၊အေးမြခြင်း |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | MRTV-4 စာအုပ်စင်ကဏ္ဍ [မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၀၈)နှင့်တွေ့ဆုံခြင်း] |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တန်ဆောင်တိုင်ခါ ပြင်ဦးလွင်မှာ |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | Hotel Guide (Bagan Thiripyitsaya Sakura) |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ်နည်းလမ်းများ(ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်) |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ - ၅း၅၅ | Activities In The City [စတုတ္ထအကြိမ်ပညာရေးဆိုင်ရာ စာအုပ်အရောင်းပွဲတော်(အင်းဝစာအုပ်တိုက်)] |
| ၁၂း၀၅ - ၆း၀၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၂း၂၀ - ၆း၂၀ | ဆေးဖက်ဝင်သစ်ခွ၏အသုံးဝင်မှုများထဲမှ---- |
| ၁၂း၃၅ - ၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | သွားမယ်စားမယ် (SANTINO Cafe & Bakery) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Suzuki Cup ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၄း၃၀ | Malaysia-Laos | Star Sports (Live) |
| ၇း၀၀ | Thailand-Vietnam | Star Sports (Live) |

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Fulham-Man City | ESPN (Live) |
| ၉း၂၅ | Blackburn-Liverpool | ESPN (Live) |
| | Arsenal-Wigan | Star Sports (Live) |
| ၁၁း၅၅ | Man Utd-Sunderland | Star Sports (Live) |
| | Bolton-Chelsea | ESPN (SDD) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | Lazio-Inter | 5-Cartoon(Live) |

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ကျိုင်းတောင်းရေတံခွန် အလင်းသွန်ပြီ (၁)

ရတနာစည်ဆရာတော် (လွိုင်လင်)

## ကျိုင်းတောင်းရေတံခွန်

ဖွေးဖွေးဖြူတိမ်လွှာတွေ ဤနေရာမှာ မြေကမ္ဘာလာဆီ ထိုးဆင်းလာရော့သလားဟု တင်စားလောက်သည်အထိ သည်ရေတံခွန်က အလွန်လှပနေပါ၏။ ပေလေးရာခန့်အမြင့်မှ ဖွေးဖွေးဖြူရေလုံးကြီးများ ခုန်ပေါက်ကျဆင်းလာခြင်းနှင့်အတူ အောက်ခြေမှ အထက်သို့ ရေပွင့်လေးတွေ၊ ရေမှုန်လေးတွေ၊ ခုန်ပျံဝေ့ဝဲနေသည့် ရေတံခွန်ကြီးလေးသွယ်တို့က တကယ်ပင် သဘာဝပန်းချီဖြစ်လျက်ရှိ၏။ ဤရေတံခွန်များအမည်က ကျိုင်းတောင်းရေတံခွန်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့အနီးမှ မြစ်ဖျားခံစီးဆင်းလာသည့် ရေအလျဉ်တွေ တောင်ဘက်တစ်ကြောသို့ ဦးတည်လာရင်း ဤနေရာအရောက်ဝယ် ပေလေးရာခန့်အနိမ့်သို့ ထိုးဆင်းလာသည်တွင် ရေတံခွန်များ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

## ကျိုင်းတောင်းဒေသ(ယခင်)

ယနေ့ တပ်မတော်အစိုးရမတိုင်မီ ယခင် ကာလများတစ်လျှောက် ကျိုင်းတောင်းရေတံခွန်တည်ရှိရာ ကျိုင်းတောင်းဒေသသည် တည်ငြိမ်အေးချမ်းခြင်း ကင်းမဲ့ခဲ့၏။ ကျိုင်းတောင်းဒေသအပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တစ်ခုလုံးမှာပင် တည်ငြိမ်အေးချမ်းခြင်း ကင်းမဲ့ခဲ့၏။

ယနေ့ တပ်မတော်အစိုးရ တာဝန်ယူပြီးသော "နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး" ဦးတည်ချမှတ်လျက် တစိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ၌ ၁၉၈၉ခုနှစ် မတ်လ၃၁ရက်မှစ၍ ငြိမ်းချမ်းရေးခေတ်သစ် တည်ဖြစ်လာခဲ့ပါသည်။ ယင်းကဲ့သို့ ဒေသတည်ငြိမ်အေးချမ်းမှုများ တိုးပွားဖြစ်ထွန်းလာခြင်းကိုအကြောင်းရင်းခံ၍ အခြားဒေသများ၊ အခြားလက်နက်ကိုင်အဖွဲ့များကပါ ယနေ့တပ်မတော်အစိုးရ၏ စေတနာမှန်နှင့် သဘောထားမှန်အပေါ် ကောင်းစွာယုံကြည် ကိုးစားလာကြပြီး ငြိမ်းချမ်းရေးခေတ်သစ် တည်ဆောက်လာကြသည်မှာ အဖွဲ့ပေါင်း၁၇ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း များစွာ ရှိခဲ့ပြီဖြစ်ရာ နယ်စပ်ဒေသမကျန် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းလာသည်မှာ အမှန်ပင်ဖြစ်ပေတော့၏။

## ကျိုင်းတောင်းဒေသ(ယခု)

တည်ငြိမ်အေးချမ်းလာသော ဒေသများထဲတွင် ယခုကျိုင်းတောင်းဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံး ပါဝင်ခဲ့ရာ ထိုအချိန်မှစ၍ ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြောဆိုဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး စသည့် လူမှုစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ဒေသသားတို့ ကိုယ်တွေ့ဖြစ်ခဲ့ပြီ။

ယခင်က ဤကျိုင်းတောင်းဒေသအတွင်း ပုံမှန်အုပ်ချုပ်ရေးစနစ် မထားရှိနိုင်ခဲ့သော်လည်း ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ဒေသတည်ငြိမ်အေးချမ်းလာမှုကို အကြောင်းပြု၍ ကျေးရွာအုပ်စု သုံးအုပ်စုနှင့် ကျေးရွာများ စုစည်းထားသည့် ရပ်ကွက်ပေါင်း ခုနစ်ကွက်ပါဝင်သော ကျိုင်းတောင်းမြို့ကို တည်ထောင်ပေးနိုင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတစ်ခု ဖွင့်လှစ်ကာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖွဲ့စည်းလျက် ဒေသလူဦးရေပေါင်း တစ်သောင်းနီးပါးတို့၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ လှပမြင့်မားလာအောင် မြှင့်တင်ပေးနိုင်လေပြီ။

## မြင့်မားလာသောကျိုင်းတောင်း

ယခင်က ကျိုင်းတောင်းဒေသသို့သွားလိုလျှင် မိုးနဲ-နားခံ-ကျိုင်းတောင်း လမ်းတစ်လမ်းတည်းသာရှိခဲ့ပြီး ယင်းလမ်းမှာ လှည်းလမ်းသာဖြစ်ခဲ့ခြင်း၊ ကျေးရွာချင်းဆက်လမ်းများမှာလည်း လယ်ကန်သင်းရိုးသာသာမျှ ဖြစ်ခဲ့ခြင်းတို့ကြောင့် ဒေသ၏ လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ခက်ခဲဝေးလံခဲ့၏။ ယင်းနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်များလည်း ဝေးလံခက်ခဲနိမ့်ကျခဲ့၏။ ရေခံမြေခံကောင်းသော်လည်း တစ်ဝမ်းတစ်ခါးအတွက်လောက်သာ စိုက်ပျိုးနိုင်ခဲ့သည်မှာ ဝယ်လိုအားနှင့် ဝေးလံနေသောကြောင့်ဖြစ်၏။

ယနေ့ကာလတွင်သော် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက အောက်ပါလမ်းများကို ညီညာဖြောင့်ဖြူးစွာ ဖောက်လုပ်ပေးထားနိုင်ပြီဖြစ်ရာ ကျိုင်းတောင်းဒေသအတွက် ရွှေလမ်းများ ဖြစ်လျက်ရှိ၏-

၁။ ခိုလမ်-ကျိုင်းတောင်းလမ်း ၄၁ မိုင်
၂။ မိုးနဲ-ကျိုင်းတောင်းလမ်း ၄၅ မိုင်
၃။ မိုင်းပန်-ကျိုင်းတောင်းလမ်း ၄၆ မိုင်

ယင်းလမ်းများသည် ယာဉ်ကြီးယာဉ်ငယ်များ ရာသီမရွေးသွားလာနိုင်ရန် စံချိန်စံညွှန်းမီ ဖောက်လုပ်ထားသည့် ကတ္တရာလမ်းနှင့် ကျောက်ချော၊ ထုံးမြေခင်းလမ်းများ ဖြစ်ကြပါသည်။

ကျိုင်းတောင်းမြို့ ဖွင့်လှစ်ပြီးနောက် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျိုင်းတောင်းမြို့သို့ ဆက်သွယ်သွားလာရာ၌ လွယ်ကူချောမွေ့စေရန် အောက်ပါလမ်းများကို ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်နိုင်ခဲ့ပြန်သည်-

၁။ ဟိုဟ-ကျိုင်းတောင်းလမ်း ၁၈ မိုင်
၂။ နားပေါ့-ကျိုင်းတောင်းလမ်း ၂၁ မိုင်
၃။ လွိုင်ဆိုင်း-ကျိုင်းတောင်းလမ်း ၂၃ မိုင်

ယင်းလမ်းများမှာ မြေသားလမ်းများဖြစ်သော်လည်း စနစ်တကျ ကျယ်ပြန့်စွာ ဖောက်လုပ်ထားခြင်း၊ နောင်တွင် ကျောက်ကြမ်းလမ်း၊ ကျောက်ချောလမ်း အဖြစ် တိုးမြှင့်နိုင်ခြင်းတို့ကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေးမှာ အထူးကောင်းမွန်လာလျက်ရှိ၏။ ယင်းအပြင် မြို့တွင်း ကျောက်ချောလမ်းများ၊ ထုံးမြေခင်းလမ်းများနှင့် အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်သို့ ဆက်သွယ်သည့် မြို့ပတ်လမ်း အမှတ်(၂)ကိုပါ စည်ပင်သာယာရေးက ဖောက်လုပ်ခဲ့ပါပြီ။

ယခုကာလတွင်သော် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့မှ ကျိုင်းတောင်းရေတံခွန်ရှိရာ ကျိုင်းတောင်းမြို့သို့ ယာဉ်ဖြင့်သွားမည်ဆိုလျှင် လွိုင်လင်-နမ့်စန်-နားခံ-ကျိုင်းတောင်းလမ်းနှင့် လွိုင်လင်-နမ့်စန်-ခိုလမ်- ကျိုင်းတောင်းလမ်းဟူ၍ နှစ်သက်ရာ လမ်းနှစ်သွယ် ရွေးချယ်သွားနိုင်ကြပါပြီ။ သွားလည်းသွားလာနေကြပါပြီ။ ကူးသန်းရောင်းဝယ်စီးပွားနယ် ကျယ်ကျယ်ဝန်းဝန်း လူးလွန့်နေကြပါပြီ။



## ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း

တပ်မတော်အစိုးရက ကျိုင်းတောင်းဒေသကြီးတစ်ခုလုံးကို ဖော်ပြပါအတိုင်း တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ပေးခြင်းနှင့် တစ်ပြိုင်တည်း ရေအရင်းအမြစ်မှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး လျှပ်စစ်အားကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးသို့ ပို့လွှတ်၍ ပိုလျှံသောဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်း ပို့လွှတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကြီး ချမှတ်ပေးခဲ့ရာယခုအခါ စီမံကိန်းကြီးတစ်ခုလုံး အောင်မြင်လုနီးပါး အနေအထားသို့ ရောက်ရှိလာနေပါပြီ။

ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈မိုင်ခန့်အကွာ၌ ဖြစ်ပေါ်နေသော ကျိုင်းတောင်းရေတံခွန်၏ သဘာဝရေအနိမ့်အမြင့် ကွာခြားမှုအသုံးပြု၍ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေအားလျှပ်စစ်စက်ရုံတည်ဆောက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးသို့အရောက် ဓာတ်အားလိုင်းများတည်ဆောက်လျက်ရှိရာ မြေပြန့်မဟုတ်သော လျှိုမြောင်၊ တောင်တန်းတို့ကို ဖြတ်သန်းတည်ဆောက်ရခြင်း ဖြစ်သည့်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးကိုယ်တိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရင်း ဓာတ်အားလိုင်း တည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများအား တွေ့ဆုံအားပေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

## ဖောက်လုပ်နေသောဓာတ်အားလိုင်းများ

ဌာနအကြီးအကဲများ၏ ညွှန်ကြားချက်တို့ကို အလေးထားလျက် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများကလည်း အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ အောက်ပါတို့မှာဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများ ဖြစ်ကုန်၏။

ရှေးဦးစွာ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ နမ့်စန်မြို့ ဓာတ်အားခွဲစက်ရုံသို့ ဓာတ်အားများ ပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားလိုင်း မိုင် ၇၃ဒသမ ၀၈မိုင်အကွာအဝေးကို ဓာတ်အားလိုင်း တာဝါတိုင်ပေါင်း ၃၉၅တိုင် စိုက်ထူပြီး ၁၃၂ကေဗွီ ဓာတ်အားလိုင်းအဖြစ် ဖောက်လုပ်တည်ဆောက်ခဲ့၏။

ယင်း၌ လိုင်းအူကြောင်းနှင့် မြေပြင်နိမ့်မြင့် တိုင်းတာခြင်း၊ မြေပုံပေါ်၌ တိုင်နေရာသတ်မှတ်ခြင်း၊ မြေအမျိုးအစားနှင့် အရည်အသွေး စမ်းသပ်ခြင်းနှင့် မြေပြင်တွင် တိုင်နေရာသတ်မှတ်ခြင်း စသည့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ မြေတူးခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ တာဝါတိုင်စိုက်ထူခြင်းနှင့် ကြိုးဆွဲတပ်ဆင်ခြင်း စသည့် မြေပြင်အင်ဂျင်နီယာလုပ်ငန်းများကို ဝန်ထမ်းများက အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြပါသည်။

ထို့မှနမ့်စန်-ပင်းပက်ဓာတ်အားလိုင်း မိုင် ၄၄မိုင်အကွာအဝေးကို ဓာတ်အားလိုင်းတာဝါတိုင်ပေါင်း ၁၉၂တိုင် စိုက်ထူပြီး ၁၃၂ကေဗွီ ဓာတ်အားလိုင်းအဖြစ်လည်းကောင်း၊ ပင်းပက်-ကလောဓာတ်အားလိုင်း ၅၉မိုင် အကွာအဝေးကို ဓာတ်အားလိုင်း တာဝါတိုင်ပေါင်း ၂၅၇ တိုင်စိုက်ထူပြီး ၁၃၂ ကေဗွီဓာတ်အားလိုင်းအဖြစ်လည်းကောင်း တည်ဆောက်လျက်ရှိပါသည်။

ယင်းတို့မှာ ပိုလျှံသောဓာတ်အားကို မဟာဓာတ်အားလိုင်းကွန်ရက်သို့ ပေးပို့နိုင်ရန်ဖြစ်၍ အောက်၌ဖော်ပြမည့် ဓာတ်အားလိုင်းများမှာမူ ဒေသတွင်း လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ရှိ မြို့များသို့ ပေးပို့မည့်ဓာတ်အားလိုင်းများ ဖြစ်ပါသည်-

၁။ နမ့်စန်-မိုးနဲ၊ ဓာတ်အားလိုင်း ၃၀ဒသမ၇၅မိုင်၊ ဓာတ်အားလိုင်းတိုင် ၅၂၈တိုင်၊ ၆၆ကေဗွီ ဓာတ်အားလိုင်း။
၂။ မိုးနဲ-လင်းခေး၊ ဓာတ်အားလိုင်း ၁၇ ဒသမ ၁မိုင်၊ ဓာတ်အားလိုင်းတိုင် ၂၉၃တိုင်၊ ၆၆ကေဗွီ ဓာတ်အားလိုင်း။
၃။ နမ့်စန်-လွိုင်လင်၊ ဓာတ်အားလိုင်း ၁၃ ဒသမ ၀၉ မိုင်၊ ဓာတ်အားလိုင်းတိုင် ၁၈၂တိုင်၊ ၆၆ကေဗွီ ဓာတ်အားလိုင်း။
၄။ လွိုင်လင်-မိုင်းကိုင်၊ ဓာတ်အားလိုင်း ၆၆မိုင်၊ ဓာတ်အားလိုင်းတိုင် ၁၁၈၈တိုင်၊ ၆၆ကေဗွီဓာတ်အားလိုင်း။
၅။ နမ့်စန်-ခိုလမ်၊ ဓာတ်အားလိုင်း ၃၂မိုင်၊ ဓာတ်အားလိုင်းတိုင် ၅၇၆ တိုင်၊ ၆၆ကေဗွီဓာတ်အားလိုင်း။
၆။ ခိုလမ်-ကွန်ဟိန်း၊ ဓာတ်အားလိုင်း ၃၅မိုင်၊ ဓာတ်အားလိုင်းတိုင် ၆၃၀၊ ၆၆ကေဗွီဓာတ်အားလိုင်း။
၇။ ခိုလမ်-မိုင်းနောင်၊ ဓာတ်အားလိုင်း ၄၄မိုင်၊ ဓာတ်အားလိုင်းတိုင် ၇၉၂ တိုင်၊ ၆၆ ကေဗွီဓာတ်အားလိုင်း။
၈။ မိုင်းနောင်-မိုင်းရှူး၊ ဓာတ်အားလိုင်း ၃၈ မိုင်၊ ဓာတ်အားလိုင်းတိုင် ၆၈၄ တိုင်၊ ၆၆ ကေဗွီဓာတ်အားလိုင်း။

ဖော်ပြသည့်အတိုင်း ဓာတ်အားလိုင်းများကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်တိုင်းသို့အရောက် ဖြန့်ကြက်ဖောက်လုပ်သွယ်တန်းလျက်ရှိသကဲ့သို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပင် ဆပ်ဗ်စတေးရှင်း(ခေါ်) ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဝန်ထမ်းသစ်များ ခန့်အပ်ခြင်းစသည်တို့ကိုလည်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ဆက်လက်၍ လေ့လာကြပါဦးမည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*





# မူးယစ်ဆေးဝါးနှင့် ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိတ်ကျန်းမာရေး ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးဒေါက်တာ ဦးစိုင်းကျော်ခမ်းလောင်၊ ခရိုင် ဥပဒေရုံးမှ ဒုတိယဦးစီးမှူးဒေါ်အုန်းမြင့်၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး မောင်မောင်မြင့် (ဝိပုံ) တို့က မူးယစ်ဆေးဝါးပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပညာရေးမှူး ဦးအာရ်မြလွင်နှင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူ ၃၅၀ တက်ရောက်ကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

# မဟာဓာတ်အားလိုင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၂ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော မဟာဓာတ်အားလိုင်းများ တည်ဆောက်ရေးနှင့်ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။

အဆိုပါ သင်တန်းသို့ အင်ဂျင်နီယာ အရာထမ်း ၄၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပဲခူးတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၈) ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ပဲခူးတိုင်း (အရှေ့ပိုင်း) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၂/၂၀၀၈)ကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ပဲခူးမြို့ရှိ ပဲခူးတိုင်း (အရှေ့) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်ငွေက ပဲခူးတိုင်း၏ ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ် (၁၀)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကိုရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက ဌာနအလိုက်ဆောင်ရွက်ခဲ့ကြသည့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



**ပဲခူးတိုင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း ပဲခူးတိုင်း (အရှေ့ပိုင်း)သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၈) တွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

# မိတ္ထီလာ ဘိုးဘွားရိပ်သာသို့ အလှူငွေ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

မိတ္ထီလာ ဘိုးဘွား ရိပ်သာသို့ ဦးမျိုးထွန်း ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ တည်ဆောက်ရေး(၇)- ဒေါ်ကြူကြူမိသားစုက ဒုတိယအကြိမ် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

# ဟုမ္မလင်းမြို့ စက္ခုအလင်းဒါန အလှူပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏အစီအစဉ်ဖြင့်ဟုမ္မလင်းမြို့ စက္ခုအလင်းဒါန အလှူပွဲကို အောက်တိုဘာ ၂၅ရက်တွင်ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင်ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာထွန်းမြင့်က စက္ခုအလင်းဒါန အလှူပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဟုမ္မလင်းမြို့ စက္ခုအလင်းဒါန အလှူပွဲ အလှူရှင်များကိုယ်စား ငွေကျပ်သိန်း ၁၀၀ မတည်အလှူရှင် ဒေါ်ကြွေကြွေက ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဘဏ္ဍာရေးမှူး ဦးညီဖြူက အသင်း၏ဆောင်ရွက်ခဲ့မှုများအကြောင်းကို ပြောကြားပြီး ရန်ကုန်နှင့် မန္တလေးတို့မှ လာရောက်ကြသောမျက်စိအထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့က မွန်းလွဲ ၂ နာရီမှစတင်ကာ မျက်စိဝေဒနာရှင်များအား စမ်းသပ်ခြင်း၊ ကုသပေးခြင်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြရာ **(အပေါ်ပုံ)** နိုဝင်ဘာ ၂၅ရက်တွင် လူနာပေါင်း ၂၈၂ ဦးအား ကုသပေးခဲ့သည်။

ဟုမ္မလင်းမြို့ စက္ခုအလင်းဒါန အလှူပွဲသို့ လိုက်ပါဆောင်ရွက်ကြသော ရန်ကုန်မြို့အဖွဲ့တွင် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း ဘဏ္ဍာရေးမှူး ဦးညီဖြူ၊ လုပ်ငန်းကော်မတီဝင် ဒေါ်မို့မို့စိုး၊ အလှူရှင်များ ကိုယ်စားလှယ် ဒေါ်ကက်စီ၊ မျက်စိအထူးကုသမားတော် ပါမောက္ခ ဦးကိုကိုတင်၊ မျက်မှန်ကျွမ်းကျင်ပညာရှင်ဦးသန်းစိုး၊မျက်မှန်ကျွမ်းကျင် ဒေါ်သန်းသန်း၊ ဦးတင်ထွန်းဝင်းနှင့် ဝတ်စုံနှင့် ပစ္စည်းတာဝန်ခံ သူနာပြုဆရာမကြီး ဒေါ်သန်းမြင့်၊ သူနာပြုဆရာမဒေါ်စန်းစန်းထွေးတို့ ပါဝင်ကြသည်။

မန္တလေးမြို့မှ လိုက်ပါလာသော အဖွဲ့တွင် တွဲဖက်ပါမောက္ခ (ဌာနမှူး) မျက်စိရောဂါပညာဌာနမှ ဒေါက်တာရဲလွင်၊ မျက်စိအထူးကု ဆရာဝန် ဒေါက်တာစောထူးဆက်၊မျက်စိအထူးကု ဆရာဝန်ဒေါက်တာချိုချိုသန်း၊ မျက်စိရောဂါပညာဌာန ကထိက ဒေါက်တာယဉ်ယဉ်မြတ်၊ လက်ထောက်ဆရာဝန် ဒေါက်တာတင်မောင်သန့်၊ သူနာပြုဆရာမကြီးဒေါ်ငွေငွေရီအထက်တန်းသူနာပြု ဒေါ်မာမာချို၊ ဒေါ်အေးအေးသန်း၊သူနာပြုဆရာမဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ကြည်ကြည်ထွေး၊ မျက်မှန်ကျွမ်းကျင် ဒေါ်မဒီနာ၊ ဦးမြသန်းနှင့် ဒေါ်မေကြည်တို့ ပါဝင်ကြသည်။

စက္ခုအလင်းဒါနအလှူပွဲဖြစ်မြောက်ရေးကို မတည်ငွေ ကျပ်သိန်း ၁၀၀ အလှူရှင် ဒေါ်ယဉ်ယဉ်မြင့်၊ သမီး ဒေါ်ရွှေကြည်၊ ဒေါ်ကြွေကြွေ မိသားစုနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များ စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ရက်အထိမျက်စိဝေဒနာရှင်၂၂၁ဦးကို ကုသပေးနိုင်ခဲ့ပြီး ခွဲစိတ်ကုသမှုအနေဖြင့်အရေးကြီးလူနာ ၁၉၅ ဦးနှင့်သာမန်လူနာ ၈ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၉၇၅-၈၀)ပြည့်နှစ် ဥပဒေဘွဲ့ရများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ခုနှစ် ကျောင်းဝင် (၁၉၈၀)ပြည့်နှစ်ဘွဲ့ B.A(Law), LL.B နောက်ဆုံး အပတ်စဉ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏တတိယအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ဥပဒေ ကျောင်းသား၊ ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် နယ်မှ တက်ရောက်သူများအတွက် တည်းခိုရေးနှင့် အခမ်းအနားသို့ ကြိုပို့ရေးကိုပါ စီစဉ်ထားသည်။

အလှူငွေများကို ကျင်းပရေးဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီ ဖုန်း-၂၉၃၀၅၁၊ အတွင်းရေးမှူးဦးသိန်းထွန်း ဖုန်း- ၀၉ ၈၀၃၂၇၇၈၊ ကော်မတီဝင်များဖြစ်ကြသော ဦးဇင်ဦး ဖုန်း-၀၉ ၅၁၆၀၉၅၇၊ ဒေါ်သင်းသင်း ဖုန်း- ၅၁၃၅၁၄၊ ဒေါ်ငွေငွေငြိမ်း ဖုန်း- ၅၅၂၂၆၀၊ ဒေါ်ဘေဘီထွန်း ဖုန်း- ၃၈၈၀၈၀၊ ဒေါ်ခင်ဝါဝါ ဖုန်း- ၅၇၈၉၀၀၊ ဒေါ်ယဉ်ယဉ် ဖုန်း - ၀၂ ၃၄၈၇၁၊ ဒေါ်ရီရီမေ ဖုန်း- ၀၉ ၅၀၅၅၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဘတ်စကက်ဘောပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့ နံနက် ၉နာရီခွဲမှစ၍ အောင်ဆန်းအားကစား ပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အတန်း (၅) တန်း ပါဝင်မည်ဖြစ်ပြီး အလွတ်တန်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၄၀)အထက် အမျိုးသားပြိုင်ပွဲ၊ အသက် (၂၀)အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ လည်းကောင်း၊ အသက် ၁၆ နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၃)နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ရက်အထိ ကျိုက္ကဆံ မိုးလုံလေလုံ အားကစားရုံ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။အသက်(၄၀)အထက် ပြိုင်ပွဲတွင်စင်ကာပူနိုင်ငံမှဘတ်စကက်ဘော အသင်း လာရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အသက်(၁၆)နှစ်အောက်နှင့် (၁၃) နှစ်အောက်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် ဒီဇင်ဘာ ၈ ရက် နောက်ဆုံးထား၍စာရင်းပေးသွင်းနိုင်ပြီးအသက်ကန့်သတ်ချက်အနေဖြင့် အသက် (၁၃)နှစ်အောက်ပြိုင်ပွဲအတွက်၁၉၉၅ ခုနှစ်မွေးဖွားသူ၊ (၁၆) နှစ်အောက်အတွက် ၁၉၉၂ ခုနှစ် မွေးဖွားသူဖြစ်ရမည်ဖြစ်သည်။ အသက်စိစစ်နိုင်ရန် မွေးစာရင်းမူရင်း၊ ကျောင်းအုပ်ကြီး သို့မဟုတ် မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက် ပါရှိရမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် တစ်သင်းလျှင် ငွေကျပ်ငါးထောင် သတ်မှတ်ထားသည်။ အုပ်ချုပ်သူများ အစည်းအဝေး၊ အသက်စိစစ်ခြင်းနှင့် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

နယ်မှယှဉ်ပြိုင်သော အသင်းများအား မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ တည်းခိုစားသောက်စရိတ်နှင့် ထောက်ပံ့ကြေး ကျပ်တစ်သိန်း ပေးအပ်သွားမည်ဖြစ်သည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၆-၁၂-၂၀၀၈ (စနေနေ့)**

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ဂျူမုံမင်းသားလေး အပိုင်း(၃)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် သွေး၊ ချွေး ဆပ်ရန်ရှိသည် သရုပ်ဆောင်-နေတိုး၊ မိုးပြည့်ပြည့်မောင်
၁း၅၅ ၆။ သာယာသီကြွေးခေတ် ဆန်းတေး
၂း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်နဲ့သာဆိုရင် အပိုင်း(၁)
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာ တစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၃၀)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း နှလုံးသားအလှ သစ္စာတရား(အပိုင်း-၂)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

*** ကျောဖုံးမှ**

အဆိုပါ ဗိုလ်လုပွဲ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရွေးဦးစွာ ပြိုင်ပွဲ၌ ဆုရရှိကြသော ဝန်ကြီးဌာနများမှ ဘော်လီဘောအသင်းများက သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက တတိယဆု ရရှိသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းမှ အားကစားသမားများအား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဒုတိယဆုရရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ အားကစားသမားများအား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပထမဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ အားကစားသမားများအား လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆုနှင့် အကောင်းဆုံး ရိုက်ခုတ်ဆု ရရှိကြသူများအား လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆုနှင့် အကောင်းဆုံး ဘော်လီဘောအားကစားသမားဆု ရရှိကြသူများအား လည်းကောင်း ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စတုတ္ထဆုရ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းနှင့် တတိယဆုရ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့အား လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒုတိယဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း ဂုဏ်ပြုငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆု ရရှိသွားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

အဆိုပါ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ စတင်၍ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ဘော်လီဘောအသင်း ၂၉ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဘဏ္ဍာရီးအိဒ်နေ့တွင် လော်ကားဥယျာဉ်ကို အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ဒီဇင်ဘာ ၉ ရက် (ဘဏ္ဍာရီးအိဒ်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၆-၁၂-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အကပြိုင်ပွဲ
၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ Yan Can Cook
၁၁း၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူ ကျေးတောသူ" (အပိုင်း-၂)**
၁း၃၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၂း၁၀ ၈။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
၂း၄၅ ၉။ International News.
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၂၅ ၄။ အဆိုပြိုင်ပွဲ
၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၁၅ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၅ ၁၃။ ပဋ္ဌလက်ကျောင်းတော်
၇း၁၅ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး " (အပိုင်း-၁၉)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၁၃)**
၁၉။ အစီအစဉ်ပြီး၏။

# မုန်တိုင်းသင့်ပြည်သူများအတွက် ငွေများ လှူဒါန်းလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၅

**မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) နာဂစ်မုန်တိုင်းသင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား ကော်မတီအဖွဲ့ဝင်များက လက်ခံကြသည်။**

နိုဝင်ဘာ ၁၅ ရက်မှ ၂၉ ရက်အထိ လှူဒါန်းကြသော အလှူရှင်များမှာ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှတစ်ဆင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ Asia Pacific Women's Association ၏ ဥက္ကဋ္ဌ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nadjib Riphat Kesoema ၏ ဇနီး Mme. Nina Ripha က ယူရိုငွေ ၂၃၀၊ ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးမှတစ်ဆင့် ကိုရီးယားနိုင်ငံသားများက အမေရိကန်ဒေါ်လာ ၇၀၈၄ ဒသမ ၄၀၊ ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးမှတစ်ဆင့် ကိုရီးယားနိုင်ငံသားများက အမေရိကန်ဒေါ်လာ ၁၁၉၂၀ ဒသမ ၂၂၊ Monto Travel Co., Ltd. Japan က ဘုန်းတော်ကြီးကျောင်းများအတွက် အမေရိကန် ဒေါ်လာ ၃၀၀၀၊ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နေအိမ် ၁၀ လုံး အတွက် ငွေကျပ် သိန်း ၆၀၊ ဒေါ်သွယ်သွယ် ကျွန်းရွှေမြိုင်လမ်းသုဝဏ္ဏက ငွေကျပ် ခြောက်သိန်း၊ Mr. Peter Haberle, Mrs. Cbristine Zabka တို့က ယူရိုငွေ ၁၀၀၀၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများက မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ရန် ငွေကျပ်သိန်း ၂၆၀၊ ဗန္ဓုလဂိုအင်ကာ မိသားစုက နေအိမ် ၁၀လုံး ဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်နှင့် သနန္တနဓမ္မပါလက အဖွဲ့ချုပ်က နေအိမ်အလုံး ၂၀ ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၂၀၊ KB International Co., Ltd. ဥက္ကဋ္ဌ ဦးမောင်မောင် ပရရှိတမ်လာကူဒါလ် မိသားစုက နေအိမ် ၂၁ လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၂၆ သိန်း၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် Temptation-2 တေးဂီတ ဖျော်ဖြေပွဲမှ ရရှိသည့် အလှူငွေများကို အဆိုတော် ဇော်ပိုင်၊ ကျားပေါက်၊ တင်ဇာမော်၊ ချစ်သုဝေနှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရောက် မြန်မာနိုင်ငံသားများက ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ခနိချောင်းကျေးရွာတွင် နေအိမ် ငါးလုံး ဆောက်လုပ်ရန် ငွေကျပ်သိန်း ၃၀ နှင့် ငွေကျပ်တစ်သိန်း၊ ဧရာဝတီရဲ့မနက်ဖြန် ဇာတ်ဝင်သီချင်း "ဘဝသစ်သီချင်း"အတွက် ရရှိသည့် ဂုဏ်ပြုချီးမြှင့်ငွေကို ဖန်တီးသူများဖြစ်ကြသည့် တေးဆို ဖြူဖြူကျော်သိန်း၊ တေးရေး ညီသူဟန်၊ တေးဂီတ Lazy Club၊ အသံဖမ်း Pro Studio, Harmony- Everglates တို့က ငွေကျပ် ၁၇၀၄၄၀၊ SGS Co., Ltd. က လပွတ္တာမြို့နယ် အိုးဘိုကျေးရွာ နေအိမ် ၁၅ လုံးအတွက် ငွေကျပ်သိန်း၉၀၊ ဒေါက်တာ ဖြူစင်အေး အမှတ် (၁၃) ကမ္ဘာ့ဌာန်းကျောင်းလမ်း ဘိုကုန်း အင်းစိန်မြို့နယ်က ငွေကျပ် နှစ်သောင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❀ ကျေးလက်ပြည်သူများမှ

ဇီးဖြူကုန်း ရေထိန်းတံခါးကြီးမှာ တစ်ပေါက်လျှင် ၆ပေ×၁၂ပေ ရှိသည့် ရေထိန်းတံခါး ခုနစ်ပေါက်၊ အလျားပေ ၁၃၀၀၊ အကျယ်ပေ ၇၀၊ ပျမ်းမျှရေအနက် ပေ၂၀ရှိပြီး ငွေကျပ် ၇၆ ဒသမ ၇၅ သန်း ကုန်ကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးအရာရှိ ဦးသန်းမြင့် ရှင်းလင်းပြောကြားစဉ်။

ဇီးဖြူကုန်း ရေထိန်းတံခါး၏ ဘဏ္ဍာရေးမှူးလည်းဖြစ်၊ ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည့် ဦးဘသက်နှင့် ရှေးဦးစွာ တွေ့ဆုံခဲ့ရာတွင် “ဒီရေထိန်းတံခါးကြီး တည်ဆောက်လိုက်တာကြောင့် ကျွန်တော်တို့ငါးကန်တွေက ငါးတွေကို ကြိုက်ဈေးရလို့ကတော့ ကြိုက်တဲ့အချိန်မှာ သွားရောင်းလို့ရပါတယ်၊ ရေငန်ဝင်မှာ မပူရသလို ရေတက် ရေကျကိုလည်း စောင့်ဖို့မလိုတော့ပါဘူး၊ အခြားငါးကန်တွေမှာဆိုရင်ရေငန်ဝင်မှာတို့ ရေကျော်မှာတို့ ကြောက်နေရတာကြောင့် အိပ်မပျော်ခဲ့တာရှိပေမယ့် ကျွန်တော်တို့ကတော့ ဒီရေထိန်းတံခါးကြီးကြောင့် ဘာမှ မပူမပင်ရတော့ပါဘူး။ ဒီရွှေမယင်း ငါးကန်ဒေသမှာ ငါးလုပ်ငန်းရှင် ၄၀၁ ဦးရှိပြီး ငါးမွေးမြူရေးကန်ပေါင်း ၁၀၇၆ကန်ရှိပြီး ဧကအနေနဲ့ပြောရရင် ၁၃၈၈၈ ဧက ရှိပါတယ်။

ရေတံခါးအတွင်းမှာရှိတဲ့ ငါးမွေးကန်တွေ၊ လယ်မြေတွေမှာ ရေကိုလိုသလို အသုံးချလို့ရအောင် ရေတံခါးကြီးက ဆောင်ရွက်ပေးပါတယ်။ ပသီ၊ ကရင်ချောင်း၊ ပြသတိုက် စတဲ့ ငါးမွေးမြူရေးဒေသတချို့မှာ ဝါဆို ဝါခေါင် ရေကြီးတယ်ဆိုရင် စိုးရိမ်ရတယ်။ ဘာလို့လဲဆိုတော့ သူတို့ဆီမှာ ရေထိန်းတံခါး မရှိဘူး၊ ကျွန်တော်တို့ကတော့ ရေထိန်းတံခါးကြီး ရှိတဲ့အတွက် အပူအပင်ကင်းမဲ့စွာနဲ့ နေလို့ရတာပါ။ ငါးမွေးမြူရေးလုပ်ငန်းကို ကျွမ်းကျင်စွာမွေးမြူနိုင်တာကြောင့် မွေးမြူရေးလုပ်ငန်းက ရပ်တန့်မသွားဘဲ တိုးချဲ့လုပ်ကိုင်ဖို့ အကြောင်းတွေ ပေါ်ပေါက်လာပါတယ်။

ဒီရေထိန်း တံခါးကြီးကြောင့် လယ်ယာမြေတွေ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်သလို ကျွန်တော်တို့လို ငါးမွေးမြူရေးသမားတွေအတွက်လည်း စီးပွားဖြစ်ထွန်းတာကြောင့် ဒီရေထိန်းတံခါးကြီးကို တည်ဆောက်ပေးတဲ့ နိုင်ငံတော်ကို အထူးကျေးဇူးတင် ပါတယ်။ ဒီရေထိန်းတံခါးကြီး ပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းကိုလည်း ဂရုတစိုက် ဆောင်ရွက်နေပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဦးသန်းမြင့်နှင့် ဆက်လက်တွေ့ဆုံခဲ့သည်။ “ဒီရေတံခါးကြီး တည်ဆောက်တဲ့ ရည်ရွယ်ချက်က ဒီရွှေမယင်းကွင်းက ရေနက်ကွင်းဖြစ်တာကြောင့် စိုက်ရေပျိုးရေ အဆင်ပြေအောင် တည်ဆောက်ပေးတာပါ။ ဒီရေထိန်း



သဝန်းတောကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းငွေး ရှင်းလင်းပြောကြားစဉ်။

တံခါး မဆောက်ခင်က ရေကျရင် လုံးဝကျသလို ရေတက်ရင်လည်း ရေပြင်ကြီးဖြစ်နေပါတယ်။ ဒီရေတံခါးကြီးတည်ဆောက်ပြီးမှ ရေချိုတွေကို ၂၄နာရီလှောင်လို့ရပါတယ်။ ခုလည်း ၂၄ နာရီအပြည့် ရေချိုလှောင်ထားနိုင်တာကြောင့် မိုးစပါးများ ကောင်းစွာစိုက်ပျိုးနိုင်ရုံသာမက နွေစပါးအပြင် ငါးမွေးမြူရေးကန်တွေလည်း တည်ဆောက်နိုင်ပါတယ်။

ဒီ တွံတေးတူးမြောင်းမှာ ဖေဖော်ဝါရီ ဒုတိယပတ်လောက်မှာ ရေငန်ရောက်လာ ရေကြီးတတ်တာကြောင့် ရေငန်ကိုထိန်းပြီး ရေချိုနဲ့ နွေစပါး စိုက်ပျိုးရတာပါ။ တွံတေးမြို့နယ်မှာ နွေစပါးကို ဧက ၁၅၀၀၀ကနေ ၁၇၀၀၀ ပတ်ဝန်းကျင် စိုက်ပျိုးပါတယ်။ အဲဒီမှာ ဒီရေထိန်းတံခါးရှိတဲ့ ရွှေမယင်းဒေသက နွေစပါးစိုက်ဧက ၁၂၀၅၆ ဧက၊ ပဲမျိုးစုံ ဆောင်းသီးနှံ ၇၂၅ ဧက ရှိပါတယ်။ တစ်မြို့နယ်လုံး မိုးစပါးစိုက်ဧက ၈၃၀၀၀ လောက်ရှိတဲ့အထဲမှာ ရွှေမယင်းဒေသက မိုးစပါး ၄၈၀၃၁ ဧက ရှိတာကြောင့် မိုးစပါး တစ်ဝက်လောက်က ရွှေမယင်းဒေသမှာ စိုက်ပါတယ်။ ဒီရေထိန်းတံခါး အနီးဝန်းကျင်မှာ ကျေးရွာ ၃၄ ရွာရှိပါတယ်။ ဒီ တွံတေးမြစ် တစ်လျှောက်မှာဆိုရင် ဇီးဖြူကုန်း၊ သဝန်းတော၊ တကလှဲ့ ဆိုပြီး ရေတံခါးသုံးခု ရှိပါတယ်။ အဲဒီသုံးခုကနေ ရေချိုကိုသွင်းပြီး ရေငန်ကို တားထားနိုင်တာကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေကို အောင်မြင်စွာ လုပ်ကိုင်နိုင်တာပဲ ဖြစ်ပါတယ်။

ဇီးဖြူကုန်းမှာ ရေဝင် ရေထွက်ပေါက်က တံခါးပေါက် ခုနစ်ပေါက်၊ ဒီဘက်ကတံခါးက လှေဝင်လှေထွက်ပေါက် တံခါးတစ်ခု ဖြစ်ပါတယ်။ လှေဝင်လှေထွက်က ခရီးသွားပြည်သူတွေ သွားလာလို့ရသလို ငါးကန်တွေအစာသယ်ဖို့၊ ငါးဒိုင်တွေကို ငါးသွားပို့တာတွေလည်း ၂၄ နာရီအတွင်း ဘယ်အချိန်လာလာ တစ်စင်းသော်လည်းကောင်း၊ အများသော်လည်းကောင်း၊ မညည်းမညူ ဖွင့်ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်” ဟု ဒုတိယဦးစီးအရာရှိ ဦးသန်းမြင့်က ရှင်းလင်းပြောကြားသည်။

သဝန်းတောကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းငွေးကလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ဇီးဖြူကုန်း ရေထိန်းတံခါးနှင့်ပတ်သက်၍ ပီတိစကားကိုဤသို့ဆိုသည်။

“ဒီရေတံခါးကြီးမရှိခင်က မိုးစပါးဆိုရင်လည်း ရေမလွှမ်းတဲ့ ကုန်းမြင့်နေရာလောက်သာ စိုက်ပျိုးနိုင်တာပါ။ နွေစပါးဆို ဝေလာဝေးပေါ့ဗျာ၊ ဒီချောင်းတွေ၊ မြောင်းတွေက ရေကျချိန်မှာ ရွှံ့ညွန်တွေပဲ ရှိတာကြောင့်



သဝန်းတောကျေးရွာမှ တောင်သူကြီး ဦးညိုကြီး ရှင်းလင်းပြောကြားစဉ်။

လှေကို တွန်းသွားရုံသာ သွားရသလို နေထိုင်မကောင်းလို့ ဆေးရုံဆေးခန်း သွားမယ်ဆိုရင်လည်း စောင်ကို ပုခက်လုပ်ပြီး ထမ်းသွားရပါတယ်။ ခုတော့ အချိန်ရာသီမရွေး ရေယာဉ်တွေနဲ့သွားလို့ရပါပြီ။ ဒီရေတံခါးကြီး ပေါ်ထွန်းလာတာကြောင့် ကျွန်တော်တို့ရွာအပိုင် လယ်ယာမြေဧက ၂၆၀၀ ကို နွေရာမိုးပါ စိုက်ပျိုးလို့ရနေပြီမို့ ဒီရေတံခါးကို တည်ဆောက်ပေးတဲ့ နိုင်ငံတော်ကို အထူးပဲ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်ကို ဝမ်းမြောက်စွာ ကြားသိခဲ့ရသည်။

သဝန်းတောကျေးရွာမှ တောင်သူကြီး ဦးဝင်းဖိုလ်ကလည်း “သဝန်းတော ကျေးရွာအုပ်စုမှာ ကွဲတလင်း၊ အောက်စု၊ သုံးအိမ်၊ ရေတွင်းကုန်း၊ သဝန်းတောဆိုပြီး ရွာငါးရွာ ရှိပါတယ်။ သဝန်းတောအပိုင်မှာ လယ်ဧက ၃၀ ကျော်လောက် ရှိပါတယ်။ ရေတွင်းကုန်းရွာမှာ ဧက ၇၀ လောက် ရှိပါတယ်။ ဒီရေတံခါး မဆောက်ခင်က မိုးစပါးစိုက်ရင်လည်း ရေနစ်နေတာကြောင့် သုံးနှစ်မှာမှ တစ်နှစ်လောက် စပါးအောင်တာပါ။ နွေစပါးဆိုတာ ဝေလာဝေးပေါ့နော်။

ခု ရေထိန်းတံခါးကြီး တည်ဆောက်ပြီးတော့မှ နွေမှာ ရေငန်



သဝန်းတောကျေးရွာမှ တောင်သူကြီး ဦးဝင်းဖိုလ် ရှင်းလင်းပြောကြားစဉ်။

မဝင်အောင် ရေတံခါးကြီးက ထိန်းပေးသလို ရေချိုကိုလည်း လိုသလောက်ပေးသွင်းနိုင်တာကြောင့် ယခင့်ယခင်ကာလတွေထက် စီးပွားတက်ပြီး ဆရာတို့ပြောပြောနေတဲ့ ကမ္ဘာ့ရွာဆိုတာ တကယ်ပါ။ ဒီနေ့ ကမ္ဘာ့ဖလားပွဲကြည့်မလား၊ ကားမောင်းပြိုင်ပွဲ ကြည့်မလား၊ မော်ဒယ်ရှိုး ကြည့်မလား၊ လက်ဝှေ့ပွဲ ကြည့်မလား၊ အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ရွာမှာ ကြည့်လို့ရနေပါပြီ၊ ဆရာတို့ တစ်ခေါက်လောက် အိမ်ကို လာစေချင်တယ်ဗျာ”ဟု ပကာသန မဖက်ဘဲ ဝမ်းသာအားရ ပြောကြားသည်။

ယင်းနောက် တောင်သူဦးကြီး ဦးညိုကြီးကလည်း “ကျွန်တော်ပိုင် လယ်မြေဧက ၉၃ ဧက ရှိပါတယ်။ မိုးစပါးကတော့ ၉၃ ဧကရှိပြီး နွေစပါးကတော့ ၄၃ ဧကသာ စိုက်ပျိုးနိုင်ပါတယ်။ ဒါကလည်း ချောင်းမြောင်းတွေနဲ့နီးပြီး အနိမ့်ပိုင်းကျတဲ့ လယ်မြေသာ နွေစပါးစိုက်လို့ရတာကြောင့်ပါ။ နို့မို့ဆို အားလုံးစိုက်ပြီးသားပါပဲ။ ဒီရေထိန်းတံခါးကြီးကြောင့် လယ်မြေတွေ စိုက်ပျိုးလို့ရသလို လမ်းပန်းဆက်သွယ်ရေးကလည်း အင်မတန်ဖြောင့်ဖြူးသာယာလာခဲ့ပါတယ်။ ကျွန်တော်တို့ရွာမှာ တစ်အိမ်ကို ဆိုင်ကယ်တစ်စီးတော့ အနည်းဆုံးရှိနေပါပြီ။ နွေစပါးကို အဓိကထားစိုက်တဲ့ မျိုးစပါးက သီးထပ်ရင် မျိုးစပါးပါ၊ တစ်ဧက တင်းတစ်ရာကျော်ထွက်ပါတယ်။ မိုးစပါးကိုလည်း သီးထပ်ရင် မျိုးပွားပါတယ်။ မနောသုခကတော့ နည်းပါတယ်။ ဒီလိုမျိုး ကျွန်တော်တို့ ကျေးလက်ပြည်သူတွေရဲ့ဘဝ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကအစ ဖွံ့ဖြိုးတိုးတက်လာတာက နိုင်ငံတော်ရဲ့ ကူညီမှုကြောင့်ပါ။ ကျွန်တော်တို့ ကျေးလက်နေပြည်သူတို့ဘဝ အဆင့်မြင့်လာတဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်”ဟု ဝမ်းသာကြည်နူးမှု ပုံရိပ်များ မျှဝေပေးသည်ကို ကြည်နူးစွာတွေ့သိခံစားခဲ့ရသည်။



ငါးလုပ်ငန်းရှင်နှင့် ဘဏ္ဍာရေးမှူး ဦးဘသက် ရှင်းလင်းပြောကြားစဉ်။

မိမိတို့သတင်းအဖွဲ့ အပြန်လမ်းတွင် ဖိုက်ဘာစက်တပ်လှေဖြင့် တွံတေးမြစ်ကို ဖြတ်အလာ မြစ်ပြင်ကို ရှပ်တိုက်ပြေးလွှားနေသည့် လေနုအေးကို ရှူရှိုက်ရင်း မြေကြီးက ရွှေသီးနေပြီဖြစ်သည့် ကျေးလက်ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေးဘဝမြင့်မားလာမှုများကို အမှတ်တရ ပုံရိပ်များအဖြစ် ဆောင်ယူခဲ့ပါတော့သည်။ ။



ဇီးဖြူကုန်း ရေထိန်းတံခါး (၇)ပေါက်တံခါးအား တွေ့ရစဉ်။

## အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များ စတင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

၂၀၀၈ ခုနှစ် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲအုပ်စု (က) ပွဲစဉ်များကို ယနေ့ ဒေသစံတော်ချိန် ၅ နာရီတွင် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင် စင်ကာပူအသင်းက ကမ္ဘောဒီးယားကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး



## သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် ကန်တော့

ရန်ကုန် ဒီဇင်ဘာ ၅

၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်ကြသော ရန်ကုန်မြို့ပေါ်ရှိ သက်ကြီးစာပေ ပညာရှင်များအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်အမှုဆောင်ကော်မတီဝင်တို့သည် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် အဖွဲ့လေးဖွဲ့ခွဲ၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ကြကာ **(ဝဲပုံ)** တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀၀နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၀၈)ဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခု သင်တန်းကို -

**(က) အမျိုးသား အကျိုးစီးပွား ဘက်တော်သားအရည်အသွေး မြင့်မားသော မီဒီယာသမား ကောင်းများ ဖြစ်လာစေရန်၊**

**(ခ) ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေး အောင်မြင် အောင် ဆောင်ရွက်နိုင်ရန်၊**

**(ဂ) ဝန်ထမ်းများ၏ စိတ်ပိုင်း ဆိုင်ရာ အရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေး အခေါ်နှင့် ကျွမ်းကျင်မှု မြင့်မားစေရန် ဟူသည့် ရည်ရွယ်ချက် (၃) ရပ်နှင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း။**

နံပါတ်(၁) ရည်ရွယ်ချက်မှာ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်း တိုင်းအတွက် အရေးအကြီးဆုံး ရည်ရွယ်ချက်ပင် ဖြစ်ကြောင်း၊ အမျိုးသား အကျိုးစီးပွား ဘက်တော်သား အရည်အသွေး မြင့်မားသော မီဒီယာသမားကောင်းများ ဖြစ်လာစေရန် ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက် သွားကြရန် လိုကြောင်း။

နံပါတ်(၂) ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ထူထောင်ပြီးဖြစ်သည့် ကိုယ့်အား ကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည် တည်တံ့ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် နှင့် ခိုင်မာစေရန် ဆက်လက် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ထို့အပြင် နံပါတ်(၃) ရည်ရွယ်ချက်ဖြစ်သည့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ် နှင့် ကျွမ်းကျင်မှု မြင့်မားစေရန် ကြိုးစား လေ့လာဆည်းပူး လုပ်ကိုင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော မြန်မာ့ လူ့အဖွဲ့အစည်းကြီး ကမ္ဘာတည် သရွေ့ တည်တံ့ရှည်ကြာစွာ စည်ပင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ များ အသိမှန်အမြင်မှန်ဖြင့် ဝိုင်းဝန်း ကြိုးပမ်းလာအောင် စည်းရုံး ဆောင်ရွက်ကြရန် တိုက်တွန်း ပါကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ထူးချွန် ပထမဆုရ သပိတ်ကျင်းမြို့နယ်မှ ကသအမှတ် (၄၃) ဦးဖြိုးမောင်မောင်အား လည်းကောင်း၊ ထူးချွန်ဒုတိယဆုရ ထီးချိုင့်မြို့နယ်မှ ကသအမှတ်(၁၄) ဒေါ်စောကလျာအား လည်းကောင်း၊ ထူးချွန်တတိယဆုရ မိုးညှင်းမြို့နယ်မှ ကသအမှတ်(၃) ဒေါ်တင်သူဇာလှိုင် အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သင်တန်းထောက်ပံ့ငွေ ကျပ် ၁၅၉၀၀၀ ကို သင်တန်းသား များကိုယ်စား သင်တန်းသား ဒုတိယ ခေါင်းဆောင် ဒေါ်ဝင်းလေးထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် က သင်တန်းနည်းပြများ ကိုယ်စား သင်တန်းနည်းပြ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဘကြူးအား ဂုဏ်ပြု လက်ဆောင်ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဆင်းလက်မှတ် များကို သင်တန်းသားများကိုယ်စား သင်တန်းသား ခေါင်းဆောင် ဦးခင် မောင်မြင့်အားပေးအပ်ပြီး သင်တန်း ဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်း သားများ၏ လက်တွေ့ ဆောင်ရွက် သည့် နံရံကပ်စာစောင်များနှင့် လက်ကမ်းစာစောင်များကို ကြည့်ရှု အားပေးသည်။

အဆိုပါသင်တန်းသို့ နယ်စပ်ဒေသ များ အပါအဝင် ပြည်နယ်နှင့် တိုင်း များမှ သင်တန်းသား၊ သင်တန်းသူ ၅၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၀ ရက်မှ ယနေ့အထိ ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့် သင်တန်း (၂/၂၀၀၈)ဆင်းပွဲ အခမ်းအနားတွင် ထူးချွန်ပထမဆုရ သပိတ်ကျင်းမြို့နယ်မှ ဦးဖြိုးမောင်မောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## NLD ဌာနချုပ်သို့ နိုဝင်ဘာလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၄)ကြိမ်ဝင်ထွက်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်း (၂၄)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများပြုလုပ် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၅**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)တွင် ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာသင်ကြားခဲ့သော နဝမ အသုတ် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် အင်းယားလမ်း၊ စိမ်းလန်းစိုပြည် စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ပါမောက္ခ ဒေါက်တာ ဆွေဆွေဝင်း ဖုန်း-၀၉၅၀ ၅၅၈၇၆၊ ဒေါက်တာသက္က ဖုန်း - ၀၉၅၀၁၄၂၇၃၊ ဒေါက်တာခင်နှင်း အေး ဖုန်း - ၆၆၀၂၄၆နှင့် Dr . စံလှကျော် ဖုန်း - ၀၉၅၁ ၈၉၀၁၇ တို့သို့ ဆက်သွယ်လျှင်ဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (၄၆၀)

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုကြရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ် များ တစ်နာရီမိုင်၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီမိုင်၃၀ (၄၈ကီလို)

(၃) မြို့ပြင်ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဒီဇင်ဘာ ၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက်၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ(ချင်းနိုင်)မြို့၏ အရှေ့တောင်ဘက် မိုင် ၆၃၀ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ဒီဇင်ဘာ ၆ရက်ညနေထိ ခန့်မှန်းချက်။** ။တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**၂၀၀၈ခုနှစ် ဒီဇင်ဘာလ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၄-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၂ဒီဂရီဖာရင်ဟိုက်) ၅-၁၂-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၅-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ဒသမ၄ နာရီခန့် ၄-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၅-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၁၂-၂၀၀၈ ရက် ၁၂း၃၀နာရီတွင် အရှေ့ဘက်မှ တစ်နာရီ လေးမိုင်နှုန်းတိုက်ခတ်သည်။

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းရှိ အောင်ဇေယျအိမ်ရာ ဆောက်လုပ်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၅

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းရှိ အနောက်မြောက်တိုင်း စစ်ဌာနချုပ် အောင်ဇေယျအိမ်ရာ ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ ကမ်းနားလမ်းရှိ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကမ်းနားလမ်းမှ ကျွဲရဲလမ်းဆုံထိ ကျောက်ချော လမ်းခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဇနီးတို့သည် မုံရွာမြို့ တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသော ၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကြက်တောင်ရိုက် ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်၍ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးပြီး ပွဲစဉ်အလိုက် ဆုရအသင်းများအား တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆု၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုရ တပ်မတော် (ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လေဘေးသင့် တောင်သူမိသားစုတစ်စုလျှင် ဥစားဘဲ တစ်လသား အမ ၁၃ ကောင်၊ အထီး နှစ်ကောင် ပါရှိသော ဘဲခြင်းတောင်းများကို ကျေးရွာအုပ်စု ၃၅ စုမှ တောင်သူလယ်သမား ၆၇၀ ထံ ဖြန့်ဝေလွှဲပြောင်းပေးအပ်စဉ်။**

(သတင်းစဉ်)

## လေဘေးသင့် တောင်သူဦးကြီးများထံ ဥစားဘဲ တစ်လသားခြင်းများပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ဒေးဒရဲမြို့နယ် မွေးမြူရေးစခန်း၌ လေဘေးသင့်တောင်သူဦးကြီးများထံ ဥစားဘဲ တစ်လသားခြင်းများ ပေးအပ်ပွဲကို ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးနှင့် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်တို့က လေဘေးသင့်တောင်သူ မိသားတစ်စုလျှင် ဥစားဘဲ တစ်လသား အမ ၁၃ ကောင်၊ အထီး နှစ်ကောင်ပါရှိသော ဘဲခြင်းတောင်းများကို ကျေးရွာအုပ်စု ၃၅ စုမှ တောင်သူလယ်သမား ၆၇၀ ထံ ဖြန့်ဝေလွှဲပြောင်းပေးအပ်သည်။

ထိုသို့ ဥစားဘဲများ လေဘေးသင့်ဒေသများရှိ တောင်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန်နှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာဖူလုံစေရန်အတွက် ရည်ရွယ်၍ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၅**

အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ဟုမ်းလမ်း၊ ထီးတန်း) ကြည့်မြင်တိုင် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်း စုဝေးခန်းမ၌ ကျင်းပရာ ဆရာကြီး ဦးကြည်မောင်က သြဝါဒစကားပြောကြားပြီး ကျောင်းသားဟောင်းအသင်းဥက္ကဋ္ဌ ဦးဘနှင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသားဟောင်းအသင်းမှ အလှူငွေများ ပေးအပ်ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်သန်းမြင့်နှင့် ဦးညဏ်လင်းတို့က ဆရာကန်တော့ပွဲအတွက် အလှူငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းပြီး ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးက ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းပြီးနောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်၍ ကန်တော့ကြသည်။ (ကြေးမုံ)





## ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းအမှတ်စဉ် (၆)ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် Action Aid (Myanmar) နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ Capacity Building Program အရ ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ် (၆) ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းနှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေ(**အပေါ်ပုံ**)တို့က အမှာစကားပြောကြားကြသည်။ သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၃၉ ဦးအား သင်တန်းဆရာ ၂၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အထက(၁) ပုဇွန်တောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ညှိနှိုင်းစည်းဝေးပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးအုန်းကျော် ဖုန်း-၅၈၀၁၁၀၊ ဒေါ်ကျင်ရီလေး ဖုန်း-၂၉၈၈၁၆၊ ဒေါ်ခင်စန်း ဖုန်း-၅၄၈၅၂၆၊ ဗိုလ်မှူးစိုးပိုင် ဖုန်း-၂၁၆၂၂၉၊ ဦးတင်ထွန်းအောင် ဖုန်း-၂၀၂၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## The Live News ဂျာနယ် အမှတ် (၁၀၉) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၅**

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ် (၁၀၉) တွင် မြင်းမူမောင်နိုင်မိုး၏ အချိန်၊ အကြံ အစည်၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်၊ ကိုကိုလှိုင်၏ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်မှု၊ ဦးကို၏ လမ်းပေါ်က အတွေးများ (၂၄)၊ ကွမ်းတံတွေးနဲ့ ကားတာယာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေး ယာဉ်များ သမိုင်းကြောင်း (လှေ၊ လှည်း၊ လန်ချား)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း (၃)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ (၁၂)၊ အာရှမိုး၏ သူ့ထက်သူ လူစွမ်းကောင်းများ ပေါ်ထွက်လာတဲ့ ပြင်သစ်အတိုက်အခံ ဆိုရှယ်လစ်ပါတီရွေးကောက်ပွဲ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဆုတောင်းဝတ်ပြုပွဲကြီး ရာဇဂြိုဟ်ဝိရွှသျှန္တီစေတီတော်တွင်ကျင်းပ၊ ကမ္ဘာ့စီးပွားရေးအခြေအနေကို စောင့်ကြည့်ဆောင်ရွက်သွားမယ့် အေပက်အဖွဲ့ အစည်းအဝေး၊ အီတလီတွင် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေးတောင်းဆို၊ ရုရှားသမ္မတ၏ လက်တင်အမေရိကခရီးစဉ်၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေပြိုမှုများဖြစ်၍ လူသေဆုံးမှုများရှိ၊ စိုင်းစိုင်းခမ်းလှိုင်ရဲ့'စက္ကူငှက်' ထဲက နေ့ဖြစ်သွားတဲ့သဇင်၊ ပင်လယ်ပျော်မင်းသား အပိုင်း (၅၃၊၅၄) စသည့်သတင်း၊ ဆောင်းပါး၊အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃ စောင်-၅၈၅၀ိ/၊ ၆လ-၂၆ စောင်-၁၁၇၀၀ိ/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၁၁၀)၊ အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ် (၅၅)၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## သမိုင်းသုတေသနဦးစီးဌာနသို့ ပေ၊ ပုရပိုက်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအမွေအနှစ် သမိုင်းမှတ်တမ်းများဖြစ်ကြသော ပေ၊ ပုရပိုက်များကို ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်ကြောင့် မပျက်စီးစေရန် သိပ္ပံနည်းကျ ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်ရှိဒေသများမှ ပေ၊ ပုရပိုက်များကို သမိုင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်အလှူခံလျက်ရှိသည်။

သို့ဖြစ်ရာ အနယ်နယ်အရပ်ရပ်ရှိ ပုဂ္ဂလိကများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သော ပေ၊ ပုရပိုက်များကို မပျောက်ပျက်စေလိုခြင်းနှင့် သမိုင်းသုတေသီများ၊ ရှေးဟောင်း သုတေသီများ၊ မြန်မာ့သမိုင်းကိုစိတ်ပါဝင်စားသူများ လေ့လာစေလိုသော ဆန္ဒများဖြင့် ပေးပို့လှူဒါန်းလျက်ရှိရာ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေစာများကို လွှဲပြောင်းပေးအပ်လိုကြောင်း ဆက်သွယ်လာရာ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင် ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်တွင် သွားရောက်လက်ခံခဲ့သည်။

ထို့ပြင် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက ပေ၊ ပုရပိုက်များ လာရောက်လက်ခံသည်ကို သတင်းကြားသောမလှိုင်မြို့ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအဖွဲ့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းကလည်း ခေတ်အဆက်ဆက်က ထိန်းသိမ်းလာသော ပေစာများကို ထပ်မံလှူဒါန်းသဖြင့် ယင်းနေ့တွင်ပင် လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နောက်တစ်ပတ်မှာ အကယ်ဒမီရွှေ့ကြည့်ဖို့ပြင်

**ရန်ကုန် ဒီဇင်ဘာ ၅**

ယခုသောကြာပတ် ဒီဇင်ဘာ ၅ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ သမ္မတရုပ်ရှင်ရုံ တစ်ရုံတည်းတွင်သာ ဒါရိုက်တာ သိန်းဟန် (ဖီးနစ်) ၏ **မြင်းမိုရ်ထက်ကသရဖူ** မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။

### အကယ်ဒမီရွှေ ဒီဇင်ဘာ ဒုတိယပတ်ရုံတင်မည်

ဒီဇင်ဘာ ဒုတိယပတ်တွင် ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ နေရီမင်း၏ ဇာတ်လမ်းကို သီဟစိုး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးသည့် **အကယ်ဒမီရွှေ** မြန်မာဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်နှင့် ချောရတနာတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး ဟာသသရုပ်ဆောင်များပါ အင်ပြည့်အားပြည့် ပါဝင်ထားကြရာ ဒါရိုက်တာ ညီညီထွန်းလွင်၏ ဟန်ပန်အတိုင်း ဟာသရောစွက် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဟု ရှုမြင်ရမည်ဖြစ်ပါသည်။



"မြင်းမိုရ်ထက်က သရဖူ" ဇာတ်ကားမှ နေတိုး၊ ထွန်းထွန်းနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

### နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံနှင့် နေပြည်တော်ရုံတွင် ဂျိမ်းစ်ဘွန်းဇာတ်ကား နှစ်သက်သူများအတွက် ဒါရိုက်တာ မတ်ခ်ဖော်စတာရိုက်ကူးပြီး ဂျိမ်းစ်ဘွန်း မင်းသားသစ် ဒယ်နီယကရစ်၏ ဒုတိယမြောက် ဂျိမ်းစ်ဘွန်း ဇာတ်လမ်းတွဲ QUANTUM OF SOLACE စွန့်စားမှုအသားပေး ဇာတ်ကြမ်းကား ဆက်လက်ပြသမည်ဖြစ်သည်။ မင်္ဂလာရုံတွင် HELL B0Y2 THE GOLDEN ARMY ဇာတ်ကား တင်ဆက်ပြသမည်ဖြစ်သည်။

### အိန္ဒိယရုပ်ရှင်

သွင်ရုံတွင် အိန္ဒိယရုပ်ရှင် မင်းသားချော စယ်လ်မန်ခန်း၊ ကက်သ်ရီနာကား၊ အနီကာပူးရ်နှင့် ဇေရတ်ခန်းတို့ပါဝင်သည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်ဟာသဇာတ်ကား YUVVRAAJ ဆက်လက်ပြသမည်ဖြစ်သည်။ မြို့မရုံတွင် နာမည်ကြီးသရုပ်ဆောင် အမိတာဘချန်း ခေါင်းဆောင်ပါဝင်ပြီး ၂၀၀၀ ပြည့်နှစ် အကောင်းဆုံးသရုပ်ဆောင်ဆု ရရှိထားသော KOHRAM ဇာတ်ကားပြသမည်ဖြစ်ပြီး ဆုထူးပန်ရုံတွင် အမီးရ်ခန်းနှင့် ဂျူဟီးချဝါးလားတို့ ပါဝင်သော လူငယ်အကြိုက် မေတ္တာဘွဲ့ဇာတ်ကား QAYAMAT SE QAYAMAT TAK ဇာတ်ကား ပြသမည်ဖြစ်သည်။





**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းအား ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၅

**၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ဘော်လီဘောပြိုင်ပွဲကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

# ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားမှု တွံတေးမြို့နယ် ဇီးဖြူကုန်းရေထိန်းတံခါးက အထောက်အကူပြုနေ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-အောင်မင်း(ဒလ)

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာစီးပွားကဏ္ဍ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသည့်အပြင် စိုက်ပျိုးရန်ခက်ခဲသော ရေနက်ကွင်းဒေသများတွင်လည်း ရေထိန်းတံခါးများ တည်ဆောက်ပေးခဲ့သည်။ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအနီး ဇီးဖြူကုန်းရေထိန်းတံခါးကြီးကို ၃-၇-၉၉ နေ့က အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ရေထိန်းတံခါးကြီး၏ သက်တမ်းကိုးနှစ်ကျော် ဆယ်နှစ်အတွင်း ရောက်ရှိပြီဖြစ်ပြီး ယင်းရေထိန်းတံခါး၏ အကျိုးကျေးဇူးကြောင့် ပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာခဲ့သည်ကို ကြေးမုံသတင်းအဖွဲ့က ကွင်းဆင်းလေ့လာ သတင်းရယူခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**



**ဇီးဖြူကုန်း ရေထိန်းတံခါး ရေယာဉ်ဝင်ထွက်ပေါက်ကို တွေ့ရစဉ်။**

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် အနောက်မြောက် ယွန်းယွန်းသို့ ရွေ့လျားမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ယနေ့မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံ (ချင်းနိုင်)မြို့၏ အရှေ့တောင်ဘက် မိုင် ၆၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက် ယွန်းယွန်းသို့ ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**